**စီးပွားရေးနှင့်လူမှုရေးကောင်စီ**

ဖြန့်ဝေခြင်း – အထွေထွေ
၂၀၀၂ ခုနှစ်၊ မေလ (၂၀)ရက်။

မူရင်း – အင်္ဂလိပ်

**သီးခြားအစည်းအဝေး ၂၀၀၂**
နယူးရော့(ခ်) ၂၀၀၂ ခုနှစ် ဇူလိုင်လ(၁–၂၆)
ဖြန့်ဝေထားသော အစီအစဉ် အမှတ်စဉ်၁၄(ဆ)*
**လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာမေးခွန်းများ**

## လူ့အခွင့်အရေး၊ လူကုန်ကူးမှု တို့နှင့် စပ်လျဉ်း၍ ထောက်ခံတင်ပြထားသော အခြေခံမူများနှင့် လမ်းညွှန်ချက်များ

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ စီးပွားရေးနှင့် လူမှုရေး ကောင်စီသို့တင်ပြသောအစီရင်ခံစာ**

(နောက်ဆက်တွဲ)

* *ငါ/၂၀၀၂/၁၀၀*

** *ကုလသမဂ္ဂထွေထွေညီလာခံဆုံးဖြတ်ချက် ၅၃/၂၀၈ ခ ပါ၊ အပိုဒ် ၈ အရ လိုအပ်သော ဖြေရှင်းချက်မပါဘဲ အစည်းအဝေးသို့ နောက်ကျပြီးတင်ပြသော စာရွက်စာတမ်းအထောက်အထား ဖြစ်ပြီး ၎င်းအထောက်အထားတို့ဖြင့် အစည်းအဝေးက ဆုံးဖြတ်ခဲ့ပါသည်။ အကယ်၍ အစီရင်ခံစာ တင်ပြမှုနောက်ကျလျှင် အကြောင်းပြချက်တွင် အောက်ခြေမှတ်ချက် ပါဝင်ရပေမည်။*

02-40168 (E) 200602
** 0240168 **

## မာတိကာ


| | *စာပိုဒ်* | *စာမျက်နှာ* |
|---|---|---|
| လူ့အခွင့်အရေးနှင့် လူကုန်ကူးမှု နှင့် စပ်လျဉ်း၍ထောက်ခံ | | |
| တင်ပြထားသော အခြေခံမူများ ............................................................ | ၁–၁၇ | ၄ |
| လူ့အခွင့်အရေး၏ ပဓါနကျမှု ............................................................ | ၁–၃ | ၄ |
| လူကုန်ကူးမှု ကာကွယ်တားဆီးခြင်း ......................................... | ၄–၆ | ၄ |
| ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု ...................................... | ၇–၁၁ | ၅ |
| ပြစ်မှုဆိုင်ရာအရေးယူခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် နစ်နာကြေး ............. | ၁၂–၁၇ | ၆ |
| လူ့အခွင့်အရေးနှင့် လူကုန်ကူးမှု နှင့်စပ်လျဉ်း၍ | | |
| ထောက်ခံတင်ပြထားသော လမ်းညွှန်ချက်များ ........................................... | | ၉ |
| လမ်းညွှန်ချက် ၁။ လူ့အခွင့်အရေးကို မြှင့်တင်ခြင်းနှင့်ကာကွယ်စောင့် | | |
| ရှောက်ခြင်း ...................................................................... | | ၉ |
| လမ်းညွှန်ချက် ၂။ လူကုန်ကူး သူများနှင့် လူကုန်ကူး ခံရသူများ ................................... | | ၁၁ |
| လမ်းညွှန်ချက် ၃။ သုတေသနလုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ အကဲ | | |
| ဖြတ်ဆန်းစစ်ခြင်းနှင့် ပျံ့နှံ့အောင်ဆောင်ရွက်ခြင်း ................................................... | | ၁၃ |
| လမ်းညွှန်ချက် ၄။ ပြည့်စုံလုံလောက်သော ဥပဒေဘောင်ကို အာမခံခြင်း .................... | | ၁၅ |
| လမ်းညွှန်ချက် ၅။ ပြည့်စုံလုံလောက်သော တရားဥပဒေအရ အရေးယူဆောင် | | |
| ရွက်မှုကို အာမခံခြင်း ...................................................................... | | ၁၈ |
| လမ်းညွှန်ချက် ၆။ လူကုန်ကူး ခံရသူများအတွက် ကာကွယ်စောင့် | | |
| ရှောက်မှုနှင့် ကူညီထောက်ပံ့မှု ............................................................ | | ၂၀ |
| လမ်းညွှန်ချက် ၇။ လူကုန်ကူး မှုကို ကာကွယ်တားဆီးခြင်း ........................... | | ၂၂ |
| လမ်းညွှန်ချက် ၈။ လူကုန်ကူး ခံရသူသားကောင်ဖြစ်သော ကလေး | | |
| သူငယ်များအား ကာကွယ်စောင့်ရှောက်ရန်နှင့်ကူညီထောက်ပံ့ရန်အထူး | | |
| ဆောင်ရွက်ချက်များ ........................................................................ | | ၂၄ |
| လမ်းညွှန်ချက် ၉။ ပြန်လည်ကုစားရေးလမ်းကြောင်း ............................................ | | ၂၁ |

လမ်းညွှန်ချက် ၁၀။ ငြိမ်းချမ်းရေးထိမ်းသိမ်းမှုတပ်ဖွဲ့၊ မြို့ပြရဲတပ်ဖွဲ့နှင့် လူသား
ခြင်းစာနာသောအဖွဲ့အစည်းများနှင့် သံတမန်ဝန်ထမ်းများ၏တာဝန်
ဝတ္တရားများ ............................................................................................ ၂၁

လမ်းညွှန်ချက် ၁၁။ နိုင်ငံအများနှင့် ဒေသများကြား ပူးပေါင်းဆောင်ရွက်ခြင်း ........... ၂၁

# လူ့အခွင့်အရေး၊ လူကုန်ကူးမှု[၁] တို့နှင့် ပတ်သတ်၍ ထောက်ခံတင်ပြထားသော အခြေခံမှုများ

## လူ့အခွင့်အရေး၏ပဓါနကျမှု

၁။ လူကုန်ကူးမှုကို တိုက်ဖျက်ရန် အရောင်းအဝယ်ပြုလုပ်ခြင်းခံရသူများကို ကာကွယ်စောင့်ရှောက်ရန် အကူအညီပေးရန် ကြိုးပမ်းမှုအားလုံးထဲတွင် အဆိုပါနစ်နာသူများ၏ လူ့အခွင့်အရေးကိုအဓိကနေရာတွင်ထားမည်။

၂။ လူကုန်ကူးမှုကို ကြိုတင်တားဆီးခြင်း၊ အရောင်းအဝယ်ပြုလုပ်သူများကို စုံစမ်းဖေါ်ထုတ်အရေးယူ ခြင်းနှင့် အရောင်းအဝယ်ပြုလုပ်ခြင်းခံရသူများကိုကာကွယ်စောင့်ရှောက်ခြင်း၊အကူအညီပေးခြင်းများကို ထိုက်သင့်သော အားထုတ်မှုဖြင့် ဆောင်ရွက်ရန်တာဝန်သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ နိုင်ငံအများ၏ အပေါ် တွင်ရှိသည်။

၃။ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များသည် လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို ထိခိုက်နစ်နာစေမည်မဟုတ်။ အထူးသဖြင့် အရောင်းအဝယ်ပြုခြင်းခံရသူများ အရပ်ဒေသ ပြောင်းရွှေ့နေထိုင်သူများ၊ နိုင်ငံအတွင်း နေရာပြောင်းရွှေ့ဖယ်ရှားခြင်းခံရသူများ၊ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၏ အခြေခံအခွင့်အရေးများကို ထိခိုက်နစ်နာစေမည်မဟုတ်။

## လူကုန်ကူးမှုကို ကာကွယ်တားဆီးခြင်း

၄။ လူကုန်ကူးမှုကို တားဆီးရန်ရည်ရွယ်၍ချမှတ်သော မဟာဗျူဟာတွင် 'ဝယ်လိုအား' ကိုအဆိုပါ ရောင်းဝယ်မှု၏ အကြောင်းအရင်းအုတ်မြစ်ဟု သတ်မှတ်မည်။

၅။ နိုင်ငံများနှင့် အစိုးရဆိုင်ရာအဖွဲ့အစည်းများက ၎င်းတို့ကြားဝင်ဆောင်ရွက်ချက်များသည် လူကုန်ကူးမှုကို ကြံ့ကြံ့မခံနိုင်သော အားနည်းချက်များကို တိုးပွားစေသော အကြောင်းတရားများဖြစ်သည့် လူလူချင်းမညီမျှမှု၊ ဆင်းရဲမွဲတေမှု၊ လူလူချင်းခွဲခြားမှု ပုံစံအမျိုးမျိုးကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပေးမည်ဟု အာမခံမည်။

*၁ "လူကုန်ကူးမှု" ဟူသောစကားရပ်တွင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အကြပ်ကိုင်ခြင်း တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း၊ အတင်းအကြပ်ဖမ်းဆီးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အတုအလိမ်ပြုလုပ်ခြင်းဖြင့် လည်းကောင်း၊ အနိုင်ကျင့်အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် လူအများကိုစုဆောင်းခြင်းသယ်ယူပို့ဆောင်ခြင်း*

၆။ လူကုန်ကူးမှုတွင် နိုင်ငံပိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သတ်နေခြင်းများကို စုံစမ်းဖော်ထုတ်ရာ တွင်လည်းကောင်း ပပျောက်အောင်ဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံများသည်ထိုက်သင့်သောအားထုတ်မှုကို သုံးစွဲဆောင်ရွက်မည်။ လူကုန်ကူးမှုတွင် ပါဝင်ပတ်သတ်နေသည်ဟု သံသယရှိသောနိုင်ငံ၀န်ထမ်းအားလုံးကို စုံစမ်းဖော်ထုတ်အရေးယူမည်။ ပါဝင်ပတ်သတ်ကြောင်းထင်ရှားလျှင် ထိုက်တန်သော ပြစ်ဒဏ်ချမှတ်မည်။

## ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု

၇။ လူကုန်ကူးခံရသူများအား ၎င်းတို့ဖြတ်သန်းသွားသည့် သို့မဟုတ် ဦးတည်သွားသည့်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခြင်း တရားမဝင်နေထိုင်ခြင်းတို့အတွက် ဖမ်းဆီးထိန်းသိမ်းခြင်းတရားစွဲဆိုခြင်း၊ အပြစ်ပေးခြင်းများပြုလုပ်မည်မဟုတ်။ ၎င်းတို့သည် တရားဥပဒေဖောက်ဖျက်မှုများတွင် ပါဝင်ပါတ်သတ်ခဲ့ပါကလည်း ယင်းသို့ပါဝင်ပါတ်သတ်ခဲ့ခြင်းသည် ရောင်းဝယ်ခြင်းခံနေရသော ၎င်းတို့၏ အခြေအနေနှင့် တိုက်ရိုက်ဆက်စပ်နေသရွေ့ ၎င်းတို့အားဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစွဲဆိုအပြစ်ပေးခြင်းများ ပြုလုပ်မည်မဟုတ်။

၈။ လူကုန်ကူးခံရသူများအား နောက်တစ်ကြိမ်ထပ်မံ၍ အနိုင်ကျင့်အမြတ်ထုတ်ခြင်း၊ အန္တရာယ်ပေးခြင်းမပြုနိုင်အောင် ကာကွယ်စောင့်ရှောက်မည်ဟုလည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာဖြည့်ဆည်းထောက်ပံ့မှုကို အလုံအလောက်ရရှိစေမည်ဟုလည်းကောင်း၊ နိုင်ငံများကအာမခံမည်။ ယင်းသို့ ကာကွယ်စောင့်ရှောက်ခြင်း၊ ဖြည့်ဆည်းထောက်ပံ့ခြင်းများသည် အဆိုပါရောင်းဝယ်ခြင်းခံရသူများက အမှုအခင်းကိစ္စတွင် ပူးပေါင်းကူညီရန် ဆန္ဒရှိခြင်း စွမ်းဆောင်နိုင်ခြင်းပေါ်တွင် မူတည်မည်။

*လွှဲပြောင်းပေးအပ်ခြင်း၊ လက်ခံထိန်းသိမ်းခြင်းအားလုံးပါဝင်သည်။ "အနိုင်ကျင့်အမြတ်ထုတ်ခြင်း" ဟူသောစကားရပ်တွင် အခြားသူများအား ပြည့်တန်ဆာလုပ်ခိုင်းခြင်း နည်းအမျိုးမျိုးဖြင့် အဓမ္မလိင်ဆက်ဆံခြင်း၊ အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ ကျွန်ပြုခြင်း၊ ကျွန်ပြုခြင်းနှင့်အလားတူသော ခိုင်းစေခြင်းအမျိုးမျိုးနှင့်ခန္ဓာကိုယ်အစိတ်အပိုင်းများ ထုတ်ယူခြင်းတစ်ခုခုအနည်းဆုံးပါဝင်မည်။ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်သော*

၉။ လူကုန်ကူးနေသည်ဟု သံသယရှိသူများအား ပြစ်မှုဆိုင်ရာ သို့မဟုတ် တရားမကြောင်းအရ တစ်နည်းနည်းဖြင့် အရေးယူဆောင်ရွက်နေသည့်ကာလအတောအတွင်း ထိုသို့ရောင်းဝယ်ခြင်းခံနေရသူများအား ဥပဒေကြောင်းအရ ကူညီထောက်ပံ့မှုနှင့် အခြားသောကူညီထောက်ပံ့မှုများကိုပေးမည်။ ဥပဒေကြောင်းအရ အမှုကိစ္စများဆောင်ရွက်နေသည့်ကာလအတွင်း ထိုသို့ရောင်းဝယ်ခြင်းခံနေရသူများနှင့် သက်သေများအား ယာယီနေထိုင်ခွင့်ပေးခြင်းများကို နိုင်ငံအများကပေးမည်။

၁၀။ လူကုန်ကူးခံရသော ကလေးသူငယ်များကိုလည်း တရားမဝင် မှောင်ခိုရောင်းဝယ်ခြင်း ခံရသူများအဖြစ်ပင် သတ်မှတ်မည်။ ၎င်းတို့၏ကောင်းကျိုးချမ်းသာဖြစ်စေရေးကို အချိန်တိုင်းတွင်အမြင့်မားဆုံး ထည့်သွင်းစဉ်းစားမည်။ လူကုန်ကူးခံရသည့် သားကောင်ဖြစ်သော ကလေးသူငယ်များအား ထိုက်သင့်သော ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီထောက်ပံ့မှုပေးမည်။ ၎င်းတို့၏ ခံနိုင်ရည်မရှိသော အားနည်းချက်များ ရပိုင်ခွင့်များနှင့် လိုအပ်ချက်များကို အပြည့်အဝထည့်သွင်းစဉ်းစားမည်။

၁၁။ လူကုန်ကူးခံရသောသူများကို လက်ခံထားရသောနိုင်ငံနှင့် ၎င်းတို့၏မူလနိုင်ငံများက ၎င်းတို့အား မူလနိုင်ငံသို့ လုံခြုံစိတ်ချစွာ (နှင့် ဖြစ်နိုင်သည့်အတိုင်းအတာအထိ အခကြေးငွေမကုန်ကျစေဘဲ) ပြန်လည်ပို့ဆောင်ပေးရန် အာမခံမည်။ လူကုန်ကူးခံရသူများအား မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းသည် ၎င်းတို့၏လုံခြုံရေး သို့မဟုတ် ၎င်းတို့၏ မိသားစုများ၏လုံခြုံရေးကို ကြီးစွာ အန္တရာယ် ရှိမည်ဟု ခိုင်မာစွာ ယူဆရသော ကိစ္စများတွင် ၎င်းတို့အား မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း မဟုတ်သော ဥပဒေနှင့်ညီသော အခြားဆောင်ရွက်ရန်နည်းလမ်းများကို ရွေးချယ်ခွင့်ပေးမည်။

**ပြစ်မှုဆိုင်ရာအရေးယူခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် နစ်နာကြေး**

၁၂။ လူကုန်ကူးခြင်း ၎င်း၏တစိတ်တပိုင်းကို ပါဝင်ဆောင်ရွက်ခြင်း[၂] ၎င်းနှင့်ဆက်နွယ်နေသော ဆောင်ရွက်ခြင်း[၃] များကို ပြစ်မှုဆိုင်ရာ ဥပဒေဖေါက်ဖျက်ကျူးလွန်မှုအဖြစ် အမှုဖွင့်ရန်လိုအပ်သောဥပဒေများ ပြဌာန်းခြင်းနှင့် အခြားအရေးယူဆောင်ရွက်ခြင်းများကို နိုင်ငံများက လက်ခံဆောင်ရွက်ပေးမည်။

---

*ပြစ်မှုများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂသဘောတူညီချက်များ၏နောက်ဆက်တွဲဖြစ်သော လူကို အထူးသဖြင့် အမျိုးသမီး နှင့်ကလေးသူငယ်များကို ရောင်းဝယ်မှုကြိုတင်တားဆီးခြင်း နှိမ်နင်းခြင်းနှင့် အပြစ်ပေး ခြင်းဆိုင်ရာ သဘောတူညီချက်မူကြမ်းအပိုဒ် ၃(က)ကို ကိုးကားဖေါ်ပြပါသည်။*

၁၃။ လူကုန်ကူးမှု ၎င်း၏တစိတ်တပိုင်းကိုဆောင်ရွက်မှု ၎င်းနှင့်ဆက်နွယ်နေသော ဆောင်ရွက်မှုများကို အစိုးရပိုင်းဆိုင်ရာပုဂ္ဂိုလ်များက ကျူးလွန်သည်ဖြစ်စေ၊ အစိုးရနှင့်မသက်ဆိုင်သော ပုဂ္ဂိုလ်များက ကျူးလွန်သည်ဖြစ်စေ စုံစမ်းထောက်လှမ်းခြင်း တရားစွဲဆိုခြင်းများကို နိုင်ငံအများက ထိရောက်စွာ ဆောင်ရွက်မည်။

၁၄။ လူကုန်ကူးခြင်း ၎င်း၏တစိတ်တပိုင်းကိုဆောင်ရွက်ခြင်းနှင့် ၎င်းနှင့်ဆက်နွယ်နေသော ပြစ်မှုများ ကို ကျူးလွန်သူအား မူလနိုင်ငံသို့ပြန်ပို့ပေးနိုင်သော ပြစ်မှုဖြစ်လာအောင်နိုင်ငံများက ၎င်းတို့၏ပြည်တွင်းဥပဒေနှင့်အညီသင့်လျော်သော ရာဇဝတ်သားပြန်ပို့ပေးခြင်း လုပ်ထုံးလုပ်နည်းများချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံအများက ပူးပေါင်းဆောင်ရွက်မည်။

၁၅။ လူကုန်ကူးခြင်း၊၎င်း၏တစိတ်တပိုင်းကိုဆောင်ရွက်ခြင်းနှင့် ၎င်းနှင့်ဆက်နွယ်နေသော ကိုဆောင်ရွက်ခြင်းများတွင် အပြစ်ရှိကြောင်းတွေ့ရှိသော လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ဥပဒေအရပတ်သတ်သောသူများ အပေါ်တွင် ထိရောက်သော ပြစ်ဒဏ်ခတ်မှုများကို အချိုးကျ ချမှတ်မည်။

၁၆။ လူကုန်ကူးမှုတွင် ပါဝင်ပတ်သတ်သော လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ဥပဒေအရပတ်သတ်နေသူများ၏ ပိုင်ဆိုင်ပစ္စည်းများကိုသိမ်းယူခြင်း၊ ပိုင်ဆိုင်မှုမလွှဲပြောင်းရန် ပိတ်ပင်ခြင်းများကို နိုင်ငံအများက သင့်တော်သည့်အမှုအခင်းများတွင် ဆောင်ရွက်မည်။ သိမ်းယူသောပိုင်ဆိုင်ပစ္စည်းများကို ဖြစ်နိုင်သောအတိုင်းအတာအထိ လူကုန်ကူးခံရသူများအား ထောက်ပံ့ပေးရန်နှင့်နစ်နာကြေးပေးရန် အသုံးပြုမည်။

၁၇။ လူကုန်ကူးခံရသူများ သင့်တော်သည့်ထိရောက်မှုရှိသော ဥပဒေဆိုင်ရာကုစားမှုများ ရရှိစေရန် နိုင်ငံအများက ဆောင်ရွက်မည်။

---

*၂။ လက်ရှိအသုံးပြုနေသော အခြေခံမှုများနှင့် လမ်းညွှန်မှုများအရ လူကုန်ကူးမှု၌ တစိတ်တပိုင်းပါဝင်ဆောင်ရွက်ခြင်း၊ တစိတ်တပိုင်းပြစ်မှုကျူးလွန်ခြင်း ဟူသောစကားရပ်များတွင် အသက်၁၈နှစ်ပြည့်ပြီးသူများအား ခြိမ်းခြောက်ခြင်းဖြင့်ဖြစ်စေ၊ အင်အားသုံး၍ဖြစ်စေ၊ အတင်းအဓမ္မဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အနိုင်ကျင့်အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ လွှဲပြောင်းရယူခြင်း၊ လက်ခံထားခြင်းများသည် ကလေးသူငယ်များအား လူကုန်ကူးမှု တစိတ်တပိုင်း ဆောင်ရွက်ခြင်း တစိတ်တပိုင်းဖေါက်ဖျက်ကျူးလွန်ခြင်းများတွင်သာ အကြုံးဝင်သည်။* နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်သော *ပြစ်မှုဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂသဘောတူညီချက်များတွင် ဖြည့်စွက်ထားသော အမျိုးသမီးများနှင့် ကလေးသူငယ်များကို အထူးပြုသည့် လူကုန်ကူးမှု ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီချက်မူကြမ်းကို အပိုဒ် ၃(က)နှင့် ၃(ဂ)များကို ကိုးကားဖေါ်ပြပါသည်။*

၃။ လက်ရှိကျင့်သုံးနေသော အခြေခံမှုများနှင့်လမ်းညွှန်မှုများအရ လူကုန်ကူးမှုနှင့် ဆက်နွယ်သော အပြုအမူနှင့်ကျူးလွန်ဖေါက်ဖျက်မှုများတွင် အခြားသူများအား ပြည့်တန်ဆာလုပ်ခိုင်းခြင်းဖြင့် အနိုင်ကျင့်အမြတ်ထုတ်ခြင်း၊ အတင်းအကြပ်အလုပ် လုပ်ခိုင်းခြင်း၊ ကျွန်ပြုခြင်း၊ ကျွန်ပြုခြင်းနှင့် အလားတူသော ခိုင်းစေခြင်း အမျိုးမျိုးပါဝင်သည်ဟုနားလည်ထားရမည်။ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်သောပြစ်မှုများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူညီချက်များတွင် ဖြည့်စွက်ထားသော လူကို အထူးသဖြင့် အမျိုးသမီးနှင့် ကလေး သူငယ်များကို လူမှောင်ခိုကူးသန်းမှု ရောင်းဝယ်မှု ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီချက်မူကြမ်းကို အပိုဒ် ၃(ခ) ကို ကိုးကားဖေါ်ပြပါသည်။

# လူ့အခွင့်အရေး၊ လူကုန်ကူးမှုတို့နှင့်စပ်လျဉ်း၍ ထောက်ခံတင်ပြထားသော လမ်းညွှန်ချက်များ

## လမ်းညွှန်ချက် ၁။ လူ့အခွင့်အရေးကို မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း

လူ့အခွင့်အရေးချိုးဖောက်ခြင်းသည် လူကုန်ကူးခြင်း၏ အကြောင်းတရားနှင့်အကျိုးဆက် နှစ်မျိုးစလုံးဖြစ်သည်။ သို့ဖြစ်၍ တရားမဝင် လူကုန်ကူးမှုကို တားဆီးရန်နှင့်ချုပ်ငြိမ်းစေရန် အရေးယူဆောင်ရွက်ချက်မှန်သမျှတွင်၊ လူ့အခွင့်အရေးအားလုံး ကာကွယ်စောင့်ရှောက်ခြင်းကို အဓိကနေရာတွင်ထားရန်လိုအပ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးနှင့်လူ့ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေခြင်းမရှိသင့်ပါ။ အထူးသဖြင့်အရောင်းအဝယ်ပြုခြင်းခံရသူများ ပြောင်းရွှေ့ နေထိုင်သူများ၊ နိုင်ငံအတွင်း နေရာရွှေ့ပြောင်းခြင်းခံရသူများ၊ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၏ အခြေခံအခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်း မရှိသင့်ပါ။

နိုင်ငံအများသည်လည်းကောင်း၊ သင့်လျော်သည့်နေရာများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များသည်လည်းကောင်း အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသင့်သည်။

၁။ လူကုန်ကူးမှုကို ကာကွယ်တားဆီးရန်နှင့် တိုက်ဖျက်ရန်ရည်ရွယ်ချက်ဖြင့်ချမှတ်ထားသော အရေးယူဆောင်ရွက်မှုများသည် ယင်းသို့ရောင်းဝယ်ခြင်းအပြုခံရသူများပါဝင်သည့် လူတို့၏အခြေခံ အခွင့်အရေး များနှင့် ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ဆောင်ရွက်ခြင်း။

၂။ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေ၊ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်း၊ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ရာတွင် တရားစီရင်ရေးဆိုင် ရာနှင့် ဥပဒေပြုရေးဆိုင်ရာအဖွဲ့အစည်းများ နိုင်ငံတော်အဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် မြို့ပြအဖွဲ့ အစည်း၏ စပ်ဆိုင်သောကဏ္ဍများထံမှ အကြံဉာဏ်ရယူခြင်း။

၃။ လူကုန်ကူးခြင်းကို အဆုံးသတ်ရန် နိုင်ငံတော်အဆင့် လုပ်ငန်းစီမံကိန်းများရေးဆွဲခြင်း၊ ဤလုပ် ငန်းအစီအစဉ်ကို လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင်လည်းကောင်း၊ လူကုန်ကူးခံ ရသူများကို ကူညီထောက်ပံ့မှု ပေးရာတွင်လည်းကောင်း ပါဝင်နေသည့်အစိုးရအဖွဲ့အစည်းများနှင့် မြို့ပြအဖွဲ့ အစည်း၏ စပ်ဆိုင်သော ကဏ္ဍ များအကြား ဆက်သွယ်မှု၊ ပူးတွဲဆောင်ရွက်မှုများကို တည်ဆောက်ပေးရာတွင် လည်းကောင်း အသုံးပြုသင့်သည်။

၄။ လူကုန်ကူးခြင်း တိုက်ဖျက်ရေးလုပ်ငန်းများကို လူတန်းစားခွဲခြားသောနည်းလမ်းဖြင့် ဆောင်ရွက်မည်မဟုတ်ကြောင်း၊ အာမခံသောသဘောထားဖြင့် အဆိုပါလုပ်ငန်းများကို အဆိုပြုသည့်အခါ လိင်ပေါ်တွင် အခြေခံသော လူလူချင်းခွဲခြားထားသည့်ကိစ္စကို စနစ်တကျဝေဖန်သုံးသပ်ဆုံးဖြတ်ထားကြောင်း အာမခံရန် အထူးသတိထားဆောင်ရွက်ခြင်း။

၅။ လူအားလုံး၏လွတ်လပ်စွာ လှုပ်ရှားသွားလာပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများသည် ဤအခွင့်အရေးကို ထိပါးခြင်းမရှိကြောင်း အာမခံခြင်း။

၆။ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများ၊ စီမံကိန်းများ၊ ကြားဝင်ဆောင်ရွက်ခြင်းများသည် အပြည်ပြည်ဆိုင်ရာဒုက္ခသည်များ ဥပဒေအရလည်းကောင်း၊ လူကုန်ကူးခံရသူများ အပါအဝင် လူအားလုံး၏အခြေခံရပိုင်ခွင့်ဖြစ်သော ညှင်းပမ်းနှိပ်စက်မှုမှ ရှောင်တိမ်းခိုလှုံရန် နေရာရှာဖွေခွင့်၊ ခိုလှုံမှုခံစားခွင့်များကို မထိခိုက်ကြောင်းအာမခံခြင်း။

၇။ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများ၊ စီမံကိန်းများ၊ ကြားဝင်ဆောင်ရွက်မှု များကို မျက်ခြေမပြတ်စောင့်ကြည့်ရန် ယန္တရားများတည်ဆောက်ခြင်း၊ ဤလုပ်ငန်းတာဝန်ကို ပေးအပ်ရာတွင် လွတ်လပ်သော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများရှိသောနေရာများ၌ ယင်းသို့သော အဖွဲ့အစည်းများကို တာဝန်ပေးအပ်ရန်ထည့်သွင်းစဉ်းစားပေးသင့်သည်။ လူကုန်ကူးခံရသူများကိစ္စကို လုပ်ကိုင် ဆောင်ရွက်နေသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းအား လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကြောင့် လူ့အခွင့်အရေး ထိခိုက်ရခြင်းများကို မျက်ခြေမပြတ်စောင့်ကြည့်ရာတွင် လည်းကောင်း၊ ဝေဖန်သုံးသပ်ရာတွင် လည်းကောင်း ပါဝင်ဆောင်ရွက်ကြရန်အားပေးသင့်သည်။

၈။ လူမှောင်ခိုကူးသန်းမှုများကို တားဆီးကာကွယ်ရန်နှင့် တိုက်ဖျက်ရန်ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့်သတင်းအချက်အလက်အသေးစိတ်များကို ကုလသမဂ္ဂလူ့အခွင့်အရေး သဘောတူညီချက်များ၊ ထိန်းသိမ်းကြပ်မတ်ရေးအဖွဲ့အစည်းများ[၄] သို့ ပုံမှန်တင်ပြအပ်သောအစီရင်ခံစာများတွင် ထည့်သွင်းတင်ပြခြင်း။

---

*၄ လူ့အခွင့်အရေး သဘောတူညီချက်များ ထိန်းသိမ်းကြပ်မတ်ရေးအဖွဲ့အစည်းများတွင် လူ့အခွင့်အရေး ကော်မတီ စီးပွားရေး လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာကော်မတီ အမျိုးသမီးများအား အဆင့်အတန်းခွဲခြားမှု ပပျောက်ရေးကော်မတီ ညှင်းပမ်းနှိပ်စက်မှု တိုက်ဖျက်ရေးကော်မတီနှင့် ကလေးသူငယ်များ အခွင့်အရေးများ ဆိုင်ရာကော်မတီများ ပါဝင်သည်။*

၉။ လူကုန်ကူးမှုနှင့် စပ်လျဉ်းသည့် နှစ်ဦးနှစ်ဖက် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ၊ အခြားဥပဒေများနှင့် မူဝါဒများသည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ၊ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့် ဒုက္ခသည်များဆိုင်ရာဥပဒေများအရ နိုင်ငံအများတွင်ရှိနေသော ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို ထိခိုက်မှုမရှိစေရန် အာမခံခြင်း။

၁၀။ လူ့အခွင့်အရေးကိုအခြေခံသော လူကုန်ကူးမှု တိုက်ဖျက်ရေးနည်းဗျူဟာများ၊ ချမှတ်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးများကိုရည်ရွယ်၍ နိုင်ငံအများနှင့် မြို့ပြလူ့အဖွဲ့အစည်းများ၏ စပ်ဆိုင်သောကဏ္ဍများသို့ နည်းပညာနှင့်ငွေကြေး ထောက်ပံ့ကူညီမှုများပေးဆပ်ခြင်း။

## လမ်းညွှန်ချက် ၂။ လူကုန်ကူးခံရသူများနှင့် လူကုန်ကူးသူများအား ဖော်ထုတ်ခြင်း

လူကုန်ကူးခြင်းဆိုသည်မှာ အကျိုးအမြတ်တစ်စုံတရာအတွက်လူများကိုစုစည်း၍ ရွှေ့ပြောင်းမှု ပြုလုပ်ခြင်းကိုသာဆိုလိုသည်မဟုတ်။ လူကုန်ကူးခြင်းနှင့် တရားမဝင်ပြည်ပသို့လူခိုးထုတ်ခြင်း၊ ပြည်တွင်းသို့ခိုးသွင်းခြင်းတို့၏မတူညီသော၊အရေးကြီးသည့်နောက်ဆက်တွဲအကြောင်းအရင်းမှာ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်ဖြစ်စေ၊ အဆင့်တစ်ခုခုတွင်ဖြစ်စေ၊အင်အားသုံးခြင်း၊ အတင်းအကြပ်ခိုင်းစေခြင်း၊ လိမ်လည်လှည့်ဖြားခြင်းများပါရှိခြင်း၊ ယင်းသို့အင်အားသုံးခြင်း၊ အတင်းအကြပ်ခိုင်းစေခြင်း လိမ်လည်လှည့်ဖြား ခြင်းများကို အနိုင်ကျင့်အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်းများပင်ဖြစ်သည်။ လူကုန်ကူးခြင်း နှင့် တရားမဝင်ပြည်ပသို့လူခိုးထုတ်ခြင်း၊ လူခိုးသွင်းခြင်းတို့၏ မတူညီသော နောက်ဆက်တွဲ အကြောင်းအရင်းသည် တခါတရံထင်ရှားပေါ်လွင်နိုင်သော်လည်း များစွာသောအမှုအခင်းများတွင် တက်ကြွစွာစုံစမ်းထောက်လှမ်းခြင်း မပြုလုပ်ဘဲ ခွဲခြားပြရန်အခက်အခဲရှိသည်။ လူကုန်ကူးခံရသူတစ်ဦးကို မှန်ကန်စွာဖော်ထုတ်ရန် ပျက်ကွက်ခြင်းသည် ထိုပုဂ္ဂိုလ်၏ အခြေခံအခွင့်အရေးများကို ဥပက္ခာပြုရာရောက် နိုင်သည်။ သို့ဖြစ်၍ ယင်းကဲ့သို့ မှန်ကန်စွာဖော်ထုတ်ခြင်းပြုလုပ်ရန် နိုင်ငံအများတွင်တာဝန်ရှိသည်။ လူကုန်ကူးခံရသူများအားထိန်းချုပ်ခြင်း၊ အနိုင်ကျင့်အမြတ်ထုတ်ခြင်းများတွင် ပါဝင် ပတ်သက်နေသူများအပါအဝင် တရားမဝင်လူမှောင်ခိုရောင်းဝယ်သူများ[၅] ကို ဖော်ထုတ်ရာတွင် ထိုက်သင့်သော အားထုတ်မှုကို သုံးစွဲရန်လည်း နိုင်ငံအများတွင်တာဝန်ရှိသည်။

*၅ " လူကုန်ကူးသူများ " ဟူသောစကားရပ်သည် လက်ရှိအခြေခံမူများနှင့် လမ်းညွှန်ချက်များတွင်ပါဝင်နေ ပါက လူစုဆောင်းသူများ၊ သယ်ယူပို့ဆောင်ပေးသူများ၊ လူကုန်ကူးခံရသူများအား ထိန်းချုပ်မှု*

**နိုင်ငံအများသည်လည်းကောင်း၊ ဆီလျော်မည့်နေရာများတွင် အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများသည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။**

၁။ လူကုန်ကူးခံရသူများကို လျှင်မြန်စွာနှင့် တိကျစွာဖေါ်ထုတ်နိုင်ရေးအတွက် ရဲများ၊ နယ်စပ်အ စောင့်များ၊ လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် ပုံမှန်မဟုတ်သော ပြည်တွင်းပြည်ပဝင်ထွက်သွားလာသူများကို စုံစမ်း စစ်ဆေးခြင်း၊ ထိန်းသိမ်းထားခြင်း၊ လက်ခံထားခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများတွင် ပါဝင်ပတ်သတ် နေသူများ အစရှိသည့်၊ စပ်ဆိုင်နေသော နိုင်ငံတော်အာဏာပိုင်များနှင့် အစိုးရအရာရှိများအတွက် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲချမှတ်ခြင်း။

၂။ လူကုန်ကူးခံရသူများအား ဖေါ်ထုတ်ရန်အတွက်လည်းကောင်း၊ အထက်တွင်ဖေါ်ပြခဲ့သော လမ်းညွှန်ချက် များနှင့် လုပ်ထုံးလုပ်နည်းများကို မှန်ကန်တည့်မတ်စွာအသုံးပြုရန်အတွက်လည်းကောင်း၊ စပ်ဆိုင်နေသော နိုင်ငံတော်အာဏာပိုင်များ၊ အရာရှိများကို သင့်တော်သောသင်တန်းပေးခြင်း။

၃။ လူကုန်ကူးခံရသူများကို ဖေါ်ထုတ်ခြင်းနှင့် ကူညီထောက်ပံ့မှုပေးခြင်းများကို လွယ်ကူချောမွေ့ စေရန် အတွက် စပ်ဆိုင်သောအာဏာပိုင်များ၊ အရာရှိများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်ရေးကို အားမခံခြင်း။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းကို စီစဉ်အကောင်အထည်ဖေါ်ရာ တွင် စည်းစနစ်တကျဖြစ်သင့်သည်။

၄။ နိုင်ငံရွှေ့ပြောင်းသွားလာသူများနှင့် နိုင်ငံရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူများအား ၎င်းတို့တွေ့ ကြုံနိုင်သော လူကုန်ကူးမှု၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း ကြိုတင်သတိပေးရန်နှင့် လိုအပ်ပါက ၎င်းတို့အနေဖြင့် အကူအညီတောင်းနိုင်မည့် သတင်းအချက်အလက်များရရှိရန်အတွက် သင့်တော်သောကြားဝင် ဆောင်ရွက်မည့်အချက်များကို ဖေါ်ထုတ်သတ်မှတ်ခြင်း။

၅။ လူကုန်ကူးခံရသူများအား ယင်းသို့ရောင်းဝယ်ခြင်းခံရသည့် ၎င်းတို့၏အခြေအနေ၏တိုက် ရိုက်အကျိုးသက်ရောက်မှုကြောင့်ပါဝင်ပတ်သက်ရသော ဆောင်ရွက်ချက်များအတွက် လူဝင်မှုကြီးကြပ်ရေး ဥပဒေ

---

*ပြုလုပ်သူများ၊ လူကုန်ကူးခံရသူများအား အနိုင်ကျင့်လွှဲပြောင်းပေးအပ်သူများ၊ စပ်ဆိုင် သောပြစ်မှုများတွင် ပါဝင်ပတ်သတ်နေသူများ၊ လူကုန်ကူးမှု၊ ၎င်း၏တစ်စိတ်တစ်ပိုင်းကို ကျူးလွန်မှုနှင့်၎င်းနှင့်ဆက်နွယ်နေသော ကျူးလွန်ဖေါက်ဖျက်မှုများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူများအားလုံးကို ရည်ညွှန်းပါသည်။*

များ ချိုးဖောက်မှုဖြင့် တရားစွဲဆိုခြင်းမခံရအောင် အာမခံခြင်း။

၆။ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ လူကုန်ကူးခံရသူများအား လူဝင်မှုကြီးကြပ်ရေးအရထိန်းသိမ်းခြင်းသော်လည်းကောင်း၊ အခြားနည်းချုပ်နှောင်ထားခြင်းသော်လည်းကောင်း မခံရရန်အတွက်အာမခံ ခြင်း။

၇။ လူကုန်ကူးခံရသူများနှင့် တရားမဝင်ခိုးသွင်းခြင်း၊ ခိုးထုတ်ခြင်းခံရ၍ ခိုလှုံခွင့်ရှာဖွေသူများနှစ်မျိုးစလုံးထံမှ ခိုလှုံခွင့်တောင်းခံခြင်းများကို လက်ခံစဉ်းစားပေးရန် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစနစ်များအဆင်သင့်ရရှိရန်နှင့် ' non-refoulement ' အခြေခံမူများကို အမြဲမပြတ်ကိုင်စွဲကျင့်သုံးရန်နှင့် လေးစား လိုက်နာရန် အာမခံခြင်း။

## လမ်းညွှန်ချက် ၃။ သုတေသနလုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း နှင့် ပျံ့နှံ့အောင်ဆောင်ရွက်ခြင်း

လက်တွေ့ကျ၍ထိရောက်သော လူကုန်ကူးမှုတိုက်ဖျက်ရေး မဟာဗျူဟာများသည် တိကျ သေချာ၍၊ လတ်တလောရရှိသော သတင်းအချက်အလက် အတွေ့အကြုံနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာ တွေ့ရှိချက်များ အပေါ်တွင် အခြေခံရမည်။ ဤမဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်ရာတွင် ပါဝင်ပတ်သတ်သောအဖွဲ့ အစည်းအားလုံးသည် ပြဿနာများကို ရှင်းလင်းစွာနားလည်မှုကို ရေရှည်ထိန်းသိမ်းရန် မဖြစ်မနေလိုအပ်သည်။

အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ အဆင့်အတန်းများနှင့်အညီ တိကျသော သတင်းအချက်အလက်များကို ပေးခြင်းဖြင့် လူကုန်ကူးမှု၏ ထင်ရှားသော သဘောသဘာဝများကို လူအများ ပို၍ပို၍နားလည် သဘောပေါက်လာရန် ဆောင်ရွက်ရာတွင် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ နှင့် စာနယ်ဇင်းများ အရေးပါသောကဏ္ဍများမှ ပါဝင်သည်။

နိုင်ငံအများသည်လည်းကောင်း၊ သင့်တော်သည့်နေရာများတွင် အစိုးရဆိုင်ရာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

၁။ ပလာမိုသဘောတူညီချက်စာချုပ်မူကြမ်း[6] တွင်ပါဝင်သော နိုင်ငံတကာက သဘောတူညီထားသော လူကုန်ကူးမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို လက်ခံကျင့်သုံးခြင်းနှင့် တစ်စိုက်မတ်မတ်အသုံးပြုခြင်း။

၂။ လူကုန်ကူးခြင်း၊ ၎င်း၏အစိတ်အပိုင်းတစ်ခုပါဝင်နေနိုင်သော ၎င်းနှင့်ဆက်နွယ်နေသည့် လုပ်ရှားဆောင်ရွက်မှုများ (ဥပမာ – တရားမဝင်လူကိုခိုးသွင်းခြင်း၊ ခိုးထုတ်ခြင်း)နှင့် ပတ်သတ်သည့် စာရင်းအင်းနှင့်သတင်းအချက်အလက်များ စုဆောင်းရာတွင်စံသတ်မှတ်ခြင်း။

၃။ လူကုန်ကူးခံရသောသူတစ်ဦးချင်းနှင့်ဆိုင်သည့် အခြေခံအချက်အလက်များကို အသက်အရွယ် ၊ လိင်၊ လူမျိုးနှင့် အခြားဆက်နွယ်နေသောဂုဏ်အင်္ဂါများပေါ်တွင် အခြေခံ၍ ခွဲခြားထားသည်ကိုအာမခံခြင်း။

၄။ လူကုန်ကူးခြင်း သုတေသနလုပ်ရန်တာဝန်ယူခြင်း၊ ကူညီထောက်ပံ့ခြင်းနှင့် စုစည်းပေးခြင်း။ ယင်းသို့သော သုတေသနလုပ်ငန်းသည် လူကုန်ကူးခံရသောသူများအား ပြန်လည်ထိခိုက်နစ်နာ စေခြင်းမရှိရန် လိုအပ်ချက်ကိုနားလည်သဘောပေါက်မှုအပါအဝင် လူ့ကျင့်ဝတ်ဆိုင်ရာအခြေခံမှုများအပေါ်တွင် ခိုင်မာစွာ အခြေပြုသင့်သည်။ သုတေသနပြုလုပ်မှုနည်းစနစ်များနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုနည်းစနစ်များသည် အရည်အသွေးအမြင့်မားဆုံးဖြစ်သင့်သည်။

၅။ လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများ၊ မူဝါဒများ၏ရည်ရွယ်ချက်များ ကြားဝင်ဆောင်ရွက်ခြင်း များနှင့် ၎င်းတို့၏အမှန်တကယ်အကျိုးသက်ရောက်မှုများအကြား ဆက်နွယ်နေမှုများကို မျက်ခြေမပြတ် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း၊ လူကုန်ကူးမှုများကို အမှန်တကယ်ကျဆင်း စေသော ဆောင်ရွက်ချက်များနှင့်တစ်နေရာ သို့မဟုတ် လူတစ်စုထံမှပြဿနာကို အခြားတစ်နေရာ သို့မဟုတ် အခြားလူတစ်စုထံသို့ လွှဲပြောင်းပေးသော အကျိုးသက်ရောက်မှုသာရှိသော ဆောင်ရွက်ချက်များကို သိသိသာသာ ခွဲခြားပေးရန် အထူးတလည်အာမခံခြင်း။

---

*[6] နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်သော ပြစ်မှုများဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်များ၏ နောက်ဆက်တွဲဖြစ်သော လူကို အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များကို လူကုန်ကူးမှုကြိုတင်တားဆီးခြင်း နှိမ်နင်းခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ သဘောတူညီချက်မူကြမ်း( ပလာမိုသဘောတူညီချက်မူကြမ်း )တွင် လူကုန်ကူးမှုအား အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ “ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အကြပ်ကိုင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အတုအလိမ်ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ အားနည်းချက်တစ်ခု သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းဖြင့်လည်းကောင်း၊ အခြားသူတစ်ဦးအပေါ်တွင် ချုပ်ကိုင်နိုင်စွမ်းရှိသောသူတစ်ဦးနှင့် ငွေကြေး သို့မဟုတ် အကျိုးအမြတ်တစ်စုံတစ်ရာ ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊*

၆။ လူကုန်ကူးမှု တိုက်ဖျက်ရေး ကြားဝင်ဆောင်ရွက်ချက်များကို ချမှတ်အကောင်အထည်ဖော်ခြင်း နှင့် ၎င်းတို့၏အကျိုးသက်ရောက်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းများတွင် လူကုန်ကူးမှုမှ လွတ်မြောက် လာသူများက မိမိဆန္ဒအလျောက် ဆောင်ရွက်ရမည်ဟူသော တင်းကြပ်သည့်ဘောင်အတွင်းမှ ဆောင်ရွက်ပေးနိုင်သော အရေးပါသည့်ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုခြင်း။

၇။ လူကုန်ကူးခံရသူများ၏ ကိုယ်ရေးကိုယ်တာများကိုစောင့်ထိန်းရန် လိုအပ်ချက်ကို ထည့်သွင်း စဉ်းစား၍ သက်ဆိုင်ရာအာဏာပိုင်များအား လူကုန်ကူးမှုဖြစ်ပွားခြင်းနှင့် ဖြစ်ပွားပုံဖြစ်ပွား နည်းနှင့်ဆိုင်သော သတင်းအချက်လက်များပေးအပ်ခြင်းဖြင့် လူကုန်ကူးခြင်းအား ဥပဒေဖြင့် ကြပ်မတ် ခြင်းကိုတိုးတက်အောင် ပြုလုပ်ရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပါဝင်နိုင်သည့်အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း။

## လမ်းညွှန်ချက် ၄။ ပြည့်စုံလုံလောက်သော ဥပဒေဘောင်ကို အာမခံခြင်း

**လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ပြည့်စုံလုံလောက်တိကျသော ဥပဒေပြဋ္ဌာန်းချက်များ နိုင်ငံတော်အဆင့်တွင်မရှိခြင်းသည် လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင် အဓိကအခက်အခဲဖြစ်ကြောင်း ဖော်ထုတ်ခဲ့ပြီးပြီဖြစ်သည်။ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဥပဒေဆိုင်ရာအဓိပ္ပါယ် ဖွင့်ဆိုချက်များ လုပ်ထုံးလုပ်နည်းများနှင့် ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတော်အဆင့်များတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို ချိန် ကိုက်ညှိနှိုင်းပေးရန် အရေးတကြီးလိုအပ်လျက်ရှိသည်။ သက်ဆိုင်သောနိုင်ငံတကာစာချုပ်စာတမ်း စံနှုန်းသတ် မှတ်ချက်များနှင့်ညီညွတ်သည့် သင့်တော်သောတရားဥပဒေဘောင်တစ်ခု ချမှတ်ပေးခြင်းသည်လည်း လူကုန်ကူးမှုနှင့် အနိုင်ကျင့်အမြတ်ထုတ်မှုများ တားဆီးကာကွယ်ရေး တွင် အရေးပါသော ကဏ္ဍမှပါဝင်လိမ့်မည်။**

---

*အနိုင်ကျင့်အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် လူများကိုစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ လက်ခံထိန်းသိမ်းခြင်း ” ဟူ၍ဖြစ်သည်။ “အနိုင်ကျင့်အမြတ်ထုတ်ခြင်း ” ဟူသော စကားရပ်တွင် အခြားသူများအားပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ နည်းအမျိုးမျိုးဖြင့် အတင်းအဓမ္မလိင်ဆက်ဆံခြင်း၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ ကျွန်ပြုခြင်း၊ ကျွန်ပြုခြင်းနှင့်အလားတူသော ခိုင်းစေခြင်းအမျိုးမျိုးနှင့် ခန္ဓာကိုယ်အစိတ် အပိုင်းများထုတ်ယူခြင်း တစ်ခုခုအနည်းဆုံးပါဝင်မည် [အပိုဒ်၃ (ခ)]။ အနိုင်ကျင့်အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ကလေးသူငယ်တစ်ယောက်ကို ခေါ်ယူစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ လွှဲပြောင်းရယူခြင်း၊ လက်ခံထားခြင်းသည် အထက်တွင်ဖော်ပြခဲ့သော အပိုဒ် ၃ (င)တွင်ပါဝင်သည့် နည်းလမ်း များနှင့်မပတ်သက်စေကာမူ လူကုန်ကူးမှုအဖြစ်ယူဆမည်ဟု သဘောတူညီချက်မူကြမ်းတွင်ဖွင့်ဆိုသည်။*

**နိုင်ငံအများသည် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။**

၁။ နိုင်ငံ၏ဥပဒေတွင် လူကုန်ကူးသည့်ပြစ်မှုကို တိကျစွာအဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် ၎င်း၏ပြစ်ဒဏ် ချမှတ်နိုင်လောက်သော အစိတ်အပိုင်းအမျိုးမျိုးအတွက် အသေးစိတ်လမ်းညွှန်းချက်များ ချမှတ်ပေးရန်အတွက် နိုင်ငံ၏တရားဥပဒေများကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်ညီညွတ်အောင် လက်ခံပြဋ္ဌာန်းပေးခြင်း ပြင်ဆင် ခြင်း၊ ကြွေးသိမ်း၍ကျွန်ပြုခြင်း၊ အတင်းအကြပ် အလုပ်ခိုင်းစေခြင်း၊ အတင်းအကြပ် ပြည့်တန်ဆာလုပ်ခိုင်းခြင်း ကဲ့သို့သော လူကုန်ကူးမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်သောပြုကျင့်မှု အားလုံးကိုလည်း ပြစ်မှုအဖြစ်အရေးယူသင့်သည်။

၂။ လူကုန်ကူးမှု ကျူးလွန်ခြင်းများအတွက် သာမန်လူများ၏တာဝန်ဝတ္တရားများကိုသာမက စီမံခန့်ခွဲရေးဆိုင်ရာ၊ မြို့ပြဆိုင်ရာ သင့်တော်သည့်နေရာများတွင် တရားရေးဆိုင်ရာဝန်ထမ်းများ၏ ပြစ်မှုဆိုင်ရာတာဝန်ဝတ္တရားများကိုဆုံးဖြတ်ရန် တရားဥပဒေပြဋ္ဌာန်းပေးခြင်း၊ လက်ထပ်ထိမ်းမြားပေးသောရုံးများ၊ အလုပ်အကိုင်ရရှိရေးအေဂျင်စီများ၊ ဟိုတယ်များ၊ အမျိုးသားအဖော်၊ အမျိုးသမီးအဖော်ဝန်ဆောင်လုပ်ငန်းများ ကဲ့သို့ လူကုန်ကူးမှုကိုဖုံးကွယ်ရန် အသုံးချနိုင်သော လုပ်ငန်းများ၏လုပ်ငန်းလုပ်ပိုင်ခွင့်ချပေးခြင်း၊ လုပ်ငန်းဆောင်ရွက် ခြင်းများနှင့်ဆက်နွယ်နေသော လက်ရှိဥပဒေများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ထိန်းချုပ်ကွက်ကဲမှုများနှင့်အခြေအနေများ ကိုပြန်လည်သုံးသပ်ခြင်း။

၃။ ထိရောက်မှုရှိ၍ အချိုးအစားညီမျှသော ပြစ်မှုဆိုင်ရာပြစ်ဒဏ်များ (လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့်ဆိုင်သောအမှုအခင်းများတွင်၊ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ပေးခြင်းကိုဖြစ်ပေါ်စေသော ချုပ်နှောင်ထိန်းသိမ်းခြင်းပြစ်ဒဏ်အပါအဝင်) အတွက် ဥပဒေပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်ခြင်း။ ကလေးသူငယ်များကိုလူကုန်ကူး ခြင်းပါဝင်နေသည့်ပြစ်မှုများ၊ အစိုးရအရာရှိများပါဝင်ပတ်သက် ရှုပ်ထွေးနေသည့် သို့မဟုတ် ကျူးလွန်သည့်ပြစ်မှုများအပါအဝင် ဆိုးဝါးသောအခြေအနေများတွင် လူကုန်ကူးမှု၌ အပြစ်ရှိကြောင်း တွေ့ရသောလူများအပေါ်တွင် အသုံးပြုရန် နောက်ဆက်တွဲပြစ်ဒဏ်များကို သင့်တော်သည့်နေရာတွင် ဥပဒေဖြင့် ကြိုတင်စီစဉ်ထားသင့်သည်။

၄။ လူကုန်ကူးမှုနှင့် ၎င်းနှင့်ဆက်နွယ်နေသော ပြစ်မှုများအတွက် ငွေကြေးနှင့်အသုံးပြုသော ငွေကြေးနှင့်လက်နက်ကိရိယာပစ္စည်းများကို သိမ်းယူခြင်းအတွက် ဥပဒေပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ခြင်း၊ ဖြစ်နိုင်သည့်နေရာများတွင် လူကုန်ကူးမှုမှ သိမ်းယူထားသောငွေကြေးကို လူကုန်ကူးမှု ဒဏ်ခံရသူများ၏ အကျိုးအတွက်သုံးစွဲမည်ဟု ဥပဒေ က တိကျစွာပြဋ္ဌာန်းသင့်သည်။ လူကုန်ကူးမှုသားကောင်များအတွက် လျော်ကြေးရန်ပုံငွေတစ်ရပ်ထူထောင်ရေးနှင့် ထိုသို့သောရန်ပုံငွေကို အင်အားဖြည့်

ရန် သိမ်းယူထားသောပစ္စည်းများကို အသုံးပြုရေးကို ထည့်သွင်းစဉ်းစားသင့်သည်။

၅။ လူကုန်ကူးခံရသူများ ဘဝတွင်ရောက်ရှိနေသော ၎င်းတို့၏အခြေအနေ တိုက်ရိုက်အကျိုး ဆက်အဖြစ် ၎င်းတို့၏တရားမဝင်ခိုးဝင်နေထိုင်ခြင်းနှင့် ၎င်းတို့ပါဝင်ပတ်သက်နေသော အမှုကိစ္စများအတွက် လူကုန်ကူးခံရသူများအား တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်း၊ အပြစ်ပေးခြင်းကို ဥပဒေဖြင့် အကာအကွယ်ပေးရန် အာမခံခြင်း။

၆။ လူကုန်ကူးခံ ရသူနှင့် သို့မဟုတ် ၎င်း၏မိသားစု၏လုံခြုံရေးကို ကြီးစွာအန္တရာယ်ကျရောက် မည်ဟု ကောက်ချက်ချရန် ခိုင်မာသောအကြောင်းတရားများမှ ကာကွယ်ပေးခြင်းအပါအဝင် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးခြင်းကို လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေတွင် ထည့်သွင်းအာမခံခြင်း။

၇။ ဥပဒေပိုင်းဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိဆန္ဒအလျောက်သဘောတူသော လူကုန်ကူးခံရသူများအား အမှုကိစ္စဆောင်ရွက်နေစဉ်ကာလအတွင်း ၎င်းတို့ရောက်ရှိနေသော နိုင်ငံအတွင်းတွင် တရားဝင်ဆက်လက်နေထိုင်ခွင့်ကို ကာကွယ်ပေးခြင်းအပါအဝင် ဥပဒေဖြင့်ကာကွယ်မှုများပေးခြင်း။

၈။ လူကုန်ကူးခံရသူများအား ၎င်းတို့နားလည်သော ဘာသာစကားဖြင့် တရားဥပဒေနှင့် ညီသော သတင်းအချက်အလက်နှင့် ကူညီထောက်ပံ့မှုပေးရန်နှင့် ၎င်းတို့၏လက်ငင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန် လုံလောက်သည့် သင့်တော်သောလူမှုရေးထောက်ပံ့မှုများကိုပေးရန် ထိရောက်သော ကြိုတင်စီစဉ်မှုများပြုလုပ်ခြင်း။ ယင်းကဲ့သို သတင်းအချက်အလက်၊ အကူအညီနှင့်လက်ငင်းထောက်ပံ့မှုများကို ရယူပိုင်ခွင့်သည် ချင့်ချိန်ဝေဖန်ပြီး မှမဟုတ်ဘဲ လူကုန်ကူးခံရသူဖြစ်ကြောင်း ဖေါ်ထုတ်သတ်မှတ်ပြီးသူအားလုံး၏ ရပိုင်ခွင့်ရှိသော ပိုင်ခွင့်တစ်ခုဖြစ်ကြောင်း နိုင်ငံအများက အာမခံသင့်သည်။

၉။ လူကုန်ကူးခံရသူသားကောင်များက လူကုန်ကူးသူများအဖြစ်ဖေါ်ထုတ်ခြင်းခံရသူများ အပေါ် တရားမကြောင်းအရ နစ်နာကြေးတောင်းခံပိုင်ခွင့်ကို ဥပဒေတွင် အထွင့်အထိပ်သြထားရန်အာမခံခြင်း။

၁၀။ အသိသက်သေများအား ကာကွယ်စောင့်ရှောက်ရေးကိုလည်း ဥပဒေ တွင်ထည့်သွင်းစဉ်းစားပေးရန် အာမခံခြင်း။

၁၁။ လူကုန်ကူးခြင်းတွင်လည်းကောင်း ၎င်းနှင့်ဆက်နွယ်နေသော အနိုင်ကျင့်အမြတ်ထုတ်ခြင်းများတွင်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများ ပါဝင်ပတ်သက်နေခြင်း၊ ပူးပေါင်းကြံစည်နေခြင်းများကို အပြစ်ပေးရန်အတွက် တရားဥပဒေဆိုင်ရာ ကြိုတင်စီစဉ်မှုများကို ဆောင်ရွက်ခြင်း။

လမ်းညွှန်ချက် ၅။ ပြည့်စုံလုံလောက်သော တရားဥပဒေအရ အရေးယူဆောင်ရွက်မှုကိုအာမခံခြင်း။

ကမ္ဘာပေါ်ရှိဒေသအားလုံးတွင် လူကုန်ကူးမှုများ တိုးတက်များပြားလာနေကြောင်း အထောက်အထားများရရှိထားသော်လည်းဖမ်းဆီးခြင်းခံရသော လူကုန်ကူးသူများမှာ အလွန်နည်းပါးနေသေးသည်။ ဥပဒေဖြင့်ပိုမိုထိရောက်စွာအရေးယူမှုသည် လူကုန်ကူးသူများ၏ မက်လုံးကိုယုတ်လျော့စေပြီး ဝယ်လိုအားကို တိုက်ရိုက်ထိခိုက်စေလိမ့်မည်။

လူကုန်ကူးသူများအား လုံလောက်သောတရားဥပဒေအရ အရေးယူဆောင်ရွက်မှုဖြင့် တုန့်ပြန်ခြင်းသည် တရားမဝင်လူရောင်းဝယ်ခြင်း၊ ခံရသူများနှင့် အခြားသက်သေများ၏ ပူးပေါင်း ဆောင်ရွက်မှုအပေါ် တွင်တည်နေသည်။ အမှုအခင်းများစွာတွင် လူတစ်ဦးချင်းတို့သည် လူကုန်ကူးသူများကို သတင်းပေးရန်ဖြစ်စေ၊ သက်သေအဖြစ်ဆောင်ရွက်ရန်ဖြစ်စေ ဝန်လေးကြသည်။ သို့မဟုတ် ဆောင်ရွက်နိုင်စွမ်းမရှိကြပါ။ အကြောင်းမှာ ရဲနှင့်တရားရေးစနစ်အပေါ် ယုံကြည်မှုမရှိခြင်း၊ ထိရောက်သော အကာအကွယ်ပေးမှု ယန္တရား မရှိခြင်း တို့ကြောင့်ဖြစ်သည်။ ဥပဒေဖြင့် အရေးယူ ဆောင်ရွက်သော အရာရှိများက လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်နေသောအခါ သို့မဟုတ် ပူးပေါင်း ကြံစည်ကြသောအခါ ပြဿနာများရှုပ်ထွေးသွားသည်။ ဤကဲ့သို့ ပါဝင်ပတ်သက်မှုများကို စုံစမ်း စစ်ဆေးဖော်ထုတ်ခြင်း၊ တရားစွဲဆိုအပြစ်ပေးခြင်းများကို အခိုင်အမာ ဆောင်ရွက်ရန် လိုအပ်ပေသည်။ တရားဥပဒေအရ အရေးယူဆောင်ရွက်သော အရာရှိများအနေဖြင့် လူကုန်ကူးခံ ရသူများ၏ လုံခြုံရေးကိုအာမခံရန် လိုအပ်ချက်သည် အရေးကြီးဆုံး ဖြစ်သည်ကို အမြဲသတိကြီးစွာ ထားနေရမည်။ ဤတာဝန်သည် စုံစမ်းထောက်လှမ်းသူ၏အပေါ်တွင် ကျရောက်နေပြီး ပြန်လည်နုတ် သိမ်း၍မရပါ။

နိုင်ငံအများသည်လည်းကောင်း၊ အသုံးပြုနိုင်မည့်နေရာများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ သည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

၁။ ဥပဒေဆိုင်ရာအာဏာပိုင်များနှင့် အရာရှိများအား လူကုန်ကူးခြင်း၏ လုံခြုံရေးနှင့်အေးချမ်း သာယာရေးကို အမြန်ဆုံးရအောင်ဆောင်ရွက်ပေးရန်တာဝန်သည် ၎င်းတို့၏အဓိကတာဝန်ဖြစ်သည်ကို အခါမလပ် မမေ့လျော့အောင်ဆောင်ရွက်ခြင်း။

၂။ တရားဥပဒေအရအရေးယူ ဆောင်ရွက်သောစစ်တမ်းများအား လူကုန်ကူးမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများအတွက် လုံလောက်သောသင်တန်းများပေးရန် အာမခံခြင်း၊ ဤသင်တန်းများသည် လူကုန်ကူးခံရသူများ၊ အထူးသဖြင့်အမျိုးသမီးနှင့် ကလေးသူငယ်များ၏

လိုအပ်ချက်များကိုသတိကြီးစွာ ထားသင့်သည့်အပြင် လူကုန်ကူးမှုခံရသူများနှင့် အခြားသူများက တရားမဝင် လူကုန်ကူးသူများအကြောင်းကို သတင်းပေးရန်ထွက်ပေါ်လာအောင် မက်လုံးပေးခြင်း၏ လက်တွေ့ကျသော တန်ဘိုးကိုလည်း အသိအမှတ်ပြုသင့်သည်။ အစိုးရမဟုတ်သော ဆက်စပ်နီးနွယ်နေသည့် အဖွဲ့အစည်းများကို ဤသင်တန်းမျိုးတွင် ပါဝင်ပတ်သတ်စေခြင်းသည် ၎င်း၏ဆက်စပ်နီးနွယ်မှုနှင့် ထိရောက်မှုတို့ကို တိုးတက်စေသည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု ယူဆသင့်သည်။

၃။ လူကုန်ကူးသူများဟု သံသယရှိသူများကို ထိရောက်စွာစုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ပြုလုပ်နိုင်ရန်အတွက် တရားရေးဆိုင်ရာအာဏာပိုင်များကို လုံလောက်သော စုံစမ်းစစ်ဆေးရေး အာဏာနှင့် နည်းပညာများပေးအပ်ခြင်း။ ထိခိုက်နစ်နာသူ၏ထွက်ဆိုချက်ပေါ်တွင် အလွန်အကျွံအားကိုးခြင်းကိုရှောင်သည့် တက်ကြွစွာဆောင်ရွက်သော စုံစမ်းထောက်လှမ်းရေး လုပ်ထုံးလုပ်နည်းများ တိုးတက်စေရန် နိုင်ငံအများက ကူညီအားပေးသင့်သည်။

၄။ အရည်အချင်းနှင့် ကျွမ်းကျင်မှုကိုမြှင့်တင်ရန်အတွက် အမျိုးသားနှင့်အမျိုးသမီး နှစ်မျိုးစလုံးပါဝင်သော လူမှောင်ခိုကူးသန်းမှု တိုက်ဖျက်ရေး အထူးတပ်ဖွဲ့များကို ဖွဲ့စည်းထူထောင်ခြင်း။

၅။ လူကုန်ကူးမှု တိုက်ဖျက်ရေး မဟာဗျူဟာများသည် လူကုန်ကူးသူများကိုသာ အဓိက အာရုံစိုက်နေမည်ကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်ချက်များသည် လူကုန်ကူးခံရသူများအား ၎င်းတို့၏ ရောက်ရှိနေသော အခြေအနေ၏အကျိုးဆက်အဖြစ် ကျူးလွန်မိသည့် ပြစ်မှုများအတွက် အပြစ်ပေး ခံရမည့် အန္တရာယ်မကျရောက်စေရန်ကိုလည်းကောင်း အာမခံချက်ပေးခြင်း။

၆။ ကယ်ဆယ်ရေးကိုလုပ်ဆောင်မည့် စစ်ဆင်ရေးများကြောင့် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို ထပ်မံထိခိုက်နစ်နာစေခြင်းမရှိစေရန် အာမခံချက်ပေးမည့်ဆောင်ရွက်ချက် များကို အကောင်အထည်ဖေါ်ခြင်း။ ဤနည်းဖြင့် လွှတ်ပေးလိုက်သော လူကုန်ကူးခံရသူများ၏လို အပ်ချက်များကို တုန့်ပြန်ဆောင်ရွက်ပေးမည့် သင့်တော်လုံလောက်သော လုပ်ထုံးလုပ်နည်းများ အဆင်သင့် ဖြစ်သည့် အချိန်ရောက်မှသာ အဆိုပါစစ်ဆင်ရေးများကို ပြုလုပ်ရန်။

၇။ တရားစွဲဆိုသူများ၊ ရဲများ၊ တရားရေးနှင့် နယ်စပ်အာဏာပိုင်များ၊ လူမှုရေးနှင့် လူထုကျန်းမာရေး ဝန်ထမ်းများအား လူကုန်ကူးခြင်းပြဿနာနှင့်ပတ်သက်၍ သတိကြီးစွာထားစေခြင်း၊ လူကုန်ကူးခြင်း အမှုအခင်းများကို ဖေါ်ထုတ်ရာတွင်လည်းကောင်း လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင် လည်းကောင်း၊ ထိခိုက်နစ်နာ

သူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း အထူးသင်တန်းများပေးရန်အတွက် ကြိုတင်စီစဉ်ထားရန် အာမခံခြင်း။



၈။ စုံစမ်းစစ်ဆေးမှုနှင့် တရားစီရင်မှုများ ပြုလုပ်နေစဉ်ကာလအတွင်းတွင်လည်းကောင်း၊ လူကုန်ကူးခံရသူ တစ်ဦးကို ကာကွယ်စောင့်ရှောက်ရန် ထိုက်သင့်သော ကြိုးပမ်းအားထုတ်မှုများပြုလုပ်ခြင်း။ ယင်းသို့ပြုလုပ်သော ထိုက်သင့်သည့် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များတွင် ခရီးလမ်းဆုံးရှိ နိုင်ငံ အတွင်းတွင် လုံခြုံသောနေရာတစ်နေရာကို သတ်မှတ်ခြင်း၊ လွတ်လပ်မှုရှိသော ဥပဒေဆိုင်ရာအကြံပေးချက်ရရှိနိုင် သည့်လမ်းကြောင်း၊ တရားစီရင်နေစဉ်ကာလအတွင်း မည်သူမည်ဝါဖြစ်သည်ကို လျှို့ဝှက်ထိန်းသိမ်းပေးထားခြင်း၊ ရောက်သည့်နေရာတွင် ဆက်လက်နေထိုင်မည် (သို့မဟုတ်) ပြန်လည်နေရာချခြင်းခံရမည် (သို့မဟုတ်) မူလနိုင်ငံသို့ပြန်ပို့ခြင်းခံရမည်ကို သဘောထားဖော်ထုတ်ခြင်း စသည်အစိတ်အပိုင်းများ အားလုံးဖြစ်စေ၊ အချို့ဖြစ်စေ ပါဝင်နိုင်သည်။

၉။ လူကုန်ကူးခံရသူများအနေဖြင့် လိုအပ်သောအကူအညီနှင့် အထောက်အပံ့များရရှိစေရန်အတွက် တရား ဥပဒေ အရ ဆောင်ရွက်သည့်အာဏာပိုင်များအား အစိုးရမဟုတ်သည့်အေဂျင်စီများနှင့် ပူးတွဲလုပ်ကိုင် ဆောင်ရွက် ရန်အားပေးခြင်း။

**လမ်းညွှန်ချက် ၆။ လူကုန်ကူးခံရသူများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု**

**လူကုန်ကူးခံရသူများ၏ ရပိုင်ခွင့်များ၊ လိုအပ်ချက်များကို အလေးဂရုမပြုဘဲ လူကုန်ကူးခြင်း သံသရာကို ဖြတ်တောက်နိုင်မည်မဟုတ်။ လူမှောင်ခိုကူးသန်းခြင်းခံရသူအားလုံးကို အဆင့်အတန်း ခွဲခြားခြင်းမရှိဘဲ သင့်တော်သောကာကွယ်မှုနှင့် ကူညီထောက်ပံ့မှုများပေးသင့်သည်။**

**နိုင်ငံအများသည်လည်းကောင်း၊ ဖြစ်နိုင်သည့်နေရာများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များသည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။**

၁။ လူကုန်ကူးခံရသူများ၏ လိုအပ်ချက်နှင့်ကိုက်ညီမည့် လုံခြုံ၍ပြည့်စုံလုံလောက်သော နေစရာ နေအိမ် ရရှိရေးကို အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ အာမခံခြင်း။ ယင်းသို့သော နေစရာ နေအိမ်ကိုစီစဉ်ခြင်းကို ပြစ်မှုစီရင်ခြင်းတွင် ထိခိုက်နစ်နာသူ၏ သက်သေထွက်ဆိုရန် ဆန္ဒရှိမှုပေါ်မူတည်၍ အရေးပေါ်မပြုလုပ်သင့်ပါ။ လူကုန်ကူးခံရသူများအား လူဝင်မှုကြီးကြပ်ရေးအချုပ်ထောင်များ၊ အခြားအချုပ်ခန်း များနှင့် ကြိုရာအိမ်များတွင် ထိန်းသိမ်းထားခြင်းမပြုသင့်ပါ။

၂။ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်၍ လူကုန်ကူးခံရသူများအား အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် အကြံပေးချက်များရမည့် လမ်းကြောင်းကို အာမခံခြင်း။ ယင်းသို့သော



အကူအညီနှင့် အထောက်အပံ့များကိုလက်ခံရမည်ဟု လူမှောင်ခိုကူးသန်းခြင်းခံရသူများအား အမိန့်မပေးသင့်။ ၎င်းတို့ကို အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် များအပါအဝင်ရောဂါများကို စမ်းသပ်ရာတွင် အသုံးမချသင့်ပါ။

၃။ လူကုန်ကူးခံရသူများအား ၎င်းတို့၏မိခင်နိုင်ငံမှ သံတမန်နှင့် ကောင်စစ်ဝန် ကိုယ်စား လှယ်များအား လူကုန်ကူးခံရသူများထံမှ သတင်းအချက်အလက်နှင့် ကူညီတောင်းခံမှုများကို ပြန်ကြားဆောင်ရွက်နိုင်ရေးအတွက် သင့်တော်သောသင်တန်းများပေးသင့်သည်။ ဤသို့စီမံဆောင်ရွက်ခြင်းတွင် နိုင်ငံခိုလှုံခွင့်တောင်းသော လူကုန်ကူး ခံရသူများကို ထည့်သွင်းဆောင်ရွက်မည်မဟုတ်။

၄။ လူကုန်ကူးခံရသူများ ပါဝင်ပတ်သက်နေသော တရားစွဲဆိုမှုများတွင် ၎င်းတို့၏ ဂုဏ်သိက္ခာ အခွင့် အရေးများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အေးချမ်းသာယာမှုကို ထိခိုက်နစ်နာစေခြင်း မရှိရန် အာမခံခြင်း။

၅။ လူကုန်ကူးခံရသူများက လူကုန်ကူးသူများ / အနိုင်ကျင့်အမြတ်ထုတ်သူများနှင့် ဖြစ်ပွားသော မည်သည့် ပြစ်မှုဆိုင်ရာတရားမနှင့် အခြားအမှုများတွင်မဆို လူကုန်ကူးခံရသူများအား ဥပဒေပိုင်းဆိုင်ရာနှင့် အခြား ကူညီထောက်ပံ့မှုများပေးခြင်း။

၆။ လူကုန်ကူးသူနှင့် ၎င်းတို့နှင့်ဆက်စပ်နေသူများ၏ ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်းနှင့် အန္တရာယ် ပြုခြင်းတို့မှ လူကုန်ကူးခံရသူများအား ထိရောက်စွာကာကွယ်မှုပေးရန် အာမခံခြင်း။ ဤရည်ရွယ်ချက်ကြောင့် လူကုန်ကူးခြင်းဖြင့် ထိခိုက်နစ်နာသူများသည် မည်သူမည်ဝါဖြစ်ကြောင်းကို လူသိရှင်ကြားဖွင့်ဟ ကြေညာခြင်း မပြုသင့်ပါ။ မျှတမှုရှိသော တရားစီရင်မှုဖြစ်ရန်အတွက် တရားစွဲခံရသူ မှန်သမျှ ရပိုင်ခွင့်ရှိသော အခွင့်အရေးကိုလည်း တစ်ဖက်တွင်ထည့်သွင်းစဉ်းစား၍ လူကုန်ကူးခြင်း ခံရသူများ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုလေးစားသင့်သည်၊ ကာကွယ်မှုပေးသင့်သည်။ ကိုယ်ရေးကိုယ်တာ အချက်အလက် များကို ကာကွယ် ထိန်းသိမ်းရခြင်း၏ သဘာဝအလျှောက်ရှိနေသော အခက်အခဲများကို လူကုန်ကူးခံရသူများအား အပြည့်အဝ ကြိုတင်သတိပေးထားသင့်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေဖြင့် အရေးယူ ဆောင်ရွက်သော အေဂျင်စီများ ၏စွမ်းဆောင်နိုင်မှုအပေါ် လွဲမှားသော သို့မဟုတ် လက်တွေ့မဖြစ်နိုင်သော မျှော်လင့်ချက်များကို ၎င်းတို့အား မပေးသင့်ပါ။

၇။ လူကုန်ကူးခံရသူများအား လုံခြုံစွာနှင့် ဖြစ်နိုင်သည့်နေရာများတွင် အခမဲ့ပြန်ပို့ခြင်း၊ အာမခံခြင်း၊ ခရီး လမ်းဆုံးရှိနိုင်ငံတွင်နေထိုင်ခြင်း သို့မဟုတ် ထူးခြားသောအခြေအနေများ (ဥပမာအားဖြင့်

လက်တုန့် ပြန်မှုများကို ကြိုတင်ကာကွယ်ရန် သို့မဟုတ် နောက်တစ်ကြိမ်ထပ်မံ၍ လူကုန်ကူးမှု ဖြစ်ပွားနိုင်သောနေရာ) တွင် တတိယနိုင်ငံတစ်ခုတွင် အခြေချနေထိုင်ခြင်းကိုရွေးချယ်ရန် စူးစမ်းရှာဖွေခြင်း။



၈။ မိခင်နိုင်ငံသို့ပြန်သွားသော လူကုန်ကူးခံရသူများအား ၎င်းတို့၏ ကျန်းမာပျော်ရွှင်ရေးကို အာမခံရန်၊ လူမှုရေးအရပေါင်းစည်းနေထိုင်ခွင့်ရရှိရန်နှင့် နောက်တစ်ကြိမ် လူကုန်ကူးခံရခြင်းမှ ကာကွယ်ရန်လိုအပ်သော အကူအညီနှင့်အထောက်အပံ့များကိုပေးရန်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်းဖြင့် အာမခံရန်။ ပြန်လည်ပို့ဆောင်ခြင်းခံရသော လူကုန်ကူးခံရသူများအတွက် သင့်တော်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု၊ နေထိုင်ရန်အိုးအိမ်၊ ပညာရေးနှင့် အလုပ်အကိုင်နှင့်ဆိုင်သော အစီအမံများကို အာမခံမည့်လုပ်ငန်းများကို ဆောင်ရွက်သင့်သည်။

## လမ်းညွှန်ချက် ၇။ လူကုန်ကူးမှုကို ကာကွယ်တားဆီးခြင်း။

**လူကုန်ကူးမှုကို ကြိုတင်တားဆီးရန်ရည်ရွယ်သော မဟာဗျူဟာများသည် ‘ဝယ်လိုအား’ကို အကြောင်းအရင်းဇစ်မြစ်အဖြစ် ထည့်သွင်းစဉ်းစားသင့်သည်။ နိုင်ငံအများနှင့် အစိုးရဆိုင်ရာ အဖွဲ့အစည်းများသည် လူကုန်ကူးမှုကို ကြံ့ကြံ့မခံနိုင်သော အားနည်းချက်များကို တိုးပွားစေသည့် အကြောင်းတရားများဖြစ်သည့် လူလူချင်းမညီမျှမှု၊ ဆင်းရဲမွဲတေမှု၊ လူလူချင်းခွဲခြားမှုပုံစံအမျိုးမျိုးနှင့် ဘက်လိုက်မှုစသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ထိရောက်သည့် ကြိုတင်ထားဆီးရေး မဟာဗျူဟာများသည် လက်ငင်းအတွေ့အကြုံနှင့် တိကျသော သတင်းအချက်အလက်များပေါ်တွင် အခြေခံသင့်သည်။**

**အစိုးရဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရနှင့်မဆိုင်သော အဖွဲ့အစည်းများနှင့် ပူးတွဲ၍သင့်တော်သော နေရာများတွင် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု မူဝါဒများနှင့် စီမံကိန်းများကို အသုံးပြုနေသော နိုင်ငံအများ သည် အောက်ပါတို့ကို စဉ်းစားသင့်သည်။**

၁။ အနိုင်ကျင့်အမြတ်ထုတ်သော စီးပွားဖြစ်လိင်ဆက်ဆံရေးလုပ်ငန်းနှင့် အနိုင်ကျင့်အမြတ်ထုတ်သော အလုပ်ကြမ်းများအတွက် ဝယ်လိုအားကို ဖန်တီးနေသောအကြောင်းတရားများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း။ ဤကိစ္စများကို ဝေဖန်သုံးသပ်ဆုံးဖြတ်ရန် ခိုင်မာသောဥပဒေ၊ မူဝါဒနှင့် အခြားအရေးယူဆောင်ရွက်မှုများကို ပြုလုပ်ခြင်း။

၂။ အခြေခံပညာကျွမ်းကျင်မှုသင်တန်းနှင့် စာတတ်မြောက်မှုအပါအဝင် အထူးသဖြင့် အမျိုးသမီးများနှင့်

အစဉ်အလာအရ ဆင်းရဲနုံချာသောလူများအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ရွေးချယ်ပိုင်ခွင့်များကို ပေးအပ်မည့်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း။

၃။ ကလေးများ၏ပညာရေး အခွင့်အလမ်းများရရှိနိုင်မည့်လမ်းကြောင်းကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊



ကျောင်းနေသူဦးရေ အထူးသဖြင့် မိန်းကလေးငယ်များဦးရေကို တိုးပွားစေခြင်း။

၄။ နိုင်ငံပြောင်းရွှေ့သွားလာနိုင်ဘွယ်ရှိသောလူများ အထူးသဖြင့် အမျိုးသမီးများအား နိုင်ငံပြောင်းရွှေ့သွားလာခြင်း၏ အန္တရာယ်များ ( ဥပမာ – အနိုင်ကျင့်အမြတ်ထုတ်ခြင်း၊ ကြွေးသိမ်း၍ကျေးကျွန်ပြုခြင်းနှင့် အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ် များနှင့်ထိတွေ့မှုအပါအဝင် ကျန်းမာရေးနှင့် လုံခြုံရေးပြဿနာများ)အကြောင်းကို လည်းကောင်း၊ တရားဥပဒေနှင့်အညီ အနိုင်ကျင့်အမြတ်ထုတ်ခြင်းကင်းသော နိုင်ငံပြောင်းရွှေ့သွားလာမှု လမ်းကြောင်းကိုလည်း မှန်ကန်စွာအသိပေးအကြောင်းကြားရန် အာမခံခြင်း။

၅။ လူကုန်ကူးမှုနှင့် ဆက်နွယ်နေသောအန္တရာယ်များကို တိုးမြင့်သတိထားရန် သတင်ဖြန့်ချိရေး လှုပ်ရှားမှုကို သာမန်လူထုအတွက်ရည်ရွယ်၍ ချမှတ်ဆောင်ရွက်ခြင်း။ ယင်းသို့လှုပ်ရှားမှုများတွင် လူကုန်ကူးခြင်းကို ဝန်းရံနေသော အရှုပ်တော်ပုံများကိုလည်းကောင်း လူတစ်ဦးချင်းအနေဖြင့် အန္တရာယ်များကို ဖိတ်ခေါ်နေသော နိုင်ငံပြောင်းရွှေ့သွားရန် ဆုံးဖြတ်ချက်များကိုချမိနိုင်သည့် အကြောင်းတရားများကိုလည်းကောင်း နားလည်သဘောပေါက်ရန် အသိပေးသင့်သည်။

၆။ လူများအား မမှန်မကန်သည့်နည်းလမ်းများဖြင့် နိုင်ငံပြောင်းရွှေ့အလုပ်လုပ်ကိုင်မှုကို မှီခိုအားကိုးရန် တွန်းပို့နေနိုင်သောမူဝါဒများကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။ ဤသို့ဆောင်ရွက်ရာတွင် ဖိနှိပ်ချုပ်ချယ်ထားသော သို့မဟုတ်၊ လူလူချင်းခွဲခြားထားသော နိုင်ငံသားပြစ်မှုဆိုင်ရာ ဂုဏ်အရည်အချင်းဆိုင်ရာ ပြည်တွင်းသို့ဝင်ရောက်ခြင်း ပြည်ပသို့ထွက်ခွာခြင်းနှင့် နိုင်ငံပြောင်းရွှေ့အလုပ်လုပ်ခြင်းဆိုင်ရာ ဥပဒေများ၏ အမျိုးသမီးများအပေါ် သက်ရောက်မှုများကို လေ့လာဆန်းစစ်မှုများပါဝင်သင့်သည်။

၇။ ဥပဒေနှင့်ညီသော အကျိုးဖြစ်ထွန်း၍ အနိုင်ကျင့်အမြတ်ထုတ်ခြင်းကင်းသော နိုင်ငံပြောင်းရွှေ့အလုပ်လုပ်ရန်အခွင့်အလမ်းများကို တိုးပွားစေမည့် နည်းလမ်းများကို လေ့လာဆန်းစစ်ခြင်း။ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပထွက်ခွာအလုပ်လုပ်ခြင်းကို တိုးမြှင့်ပေးခြင်းသည် နိုင်ငံပြောင်းရွှေ့အလုပ်လုပ်ကိုင်သော အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာနှင့် ကြီးကြပ်မှုဆိုင်ရာစနစ်များ ရှိနေမှုပေါ်တွင် မူတည်သင့်သည်။

၈။ ကြိုတင်တားဆီးရေးဆောင်ရွက်ချက်များအဖြစ် လူကုန်ကူးမှုတွင် ပါဝင်ပတ်သက် နေသူများကို ဖမ်းဆီးတရားစွဲဆိုရန်အတွက် ဥပဒေအရ အရေးယူဆောင်ရွက်သောအေဂျင်စီများ၏ စွမ်းအားကို တိုးမြှင့်ဖြည့်ဆည်းပေးခြင်း။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် အဆိုပါ အေဂျင်စီများအား ၎င်းတို့၏ တာဝန် ဝတ္တရားများနှင့် ညီညွတ်အောင် ဆောင်ရွက်ခြင်းပါဝင်သည်။



၉။ သင့်တင့်လျောက်ပတ်၍ တရားဝင်သော မွေးဖွားခြင်းဆိုင်ရာ နိုင်ငံသားဖြစ်ခြင်းဆိုင်ရာနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများကို လူတိုင်းရနိုင်အောင်ပြုလုပ်ပေးခြင်းဖြင့် လုံခြုံမှုမရှိသော အားနည်းချက်ကိုလျော့နည်းရန်ဆောင်ရွက်ခြင်း။

**လမ်းညွှန်ချက် ၈။ လူကုန်ကူးခံရသော သားကောင်ဖြစ်သူ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်နှင့်ကူညီထောက်ပံ့ရန် အထူးဆောင်ရွက်ချက်များ။**

လူကုန်ကူးခံရသော ကလေးသူငယ်များခံစားရသည့် ထူးခြားသောရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အန္တရာယ်များအရလည်းကောင်း၊ ၎င်းတို့၏တိုးပွားနေသော မတရားအမြတ်ထုတ်ခံရရန် အားနည်းချက်များအရလည်းကောင်း၊ ၎င်းတို့အား ဥပဒေအရဖြစ်စေ၊ မူဝါဒအရဖြစ်စေ၊ စီမံကိန်းအရဖြစ်စေ၊ ကြားဝင်ဆောင်ရွက်ခြင်းအရဖြစ်စေ အရွယ်ရောက်ပြီးသော လူကုန်ကူးခံရသူများနှင့် တသီးတခြားစီခွဲ၍ ကိုင်တွယ်ဆောင်ရွက်ရန်လိုအပ်သည်။ အစိုးရ သို့မဟုတ် လူမှုဖူလုံရေးအဖွဲ့အစည်းများကဖြစ်စေ၊ တရားရုံးများကဖြစ်စေ၊ စီမံခန့်ခွဲရေး အာဏာပိုင်များကဖြစ်စေ၊ တရားရေးအဖွဲ့အစည်းများကဖြစ်စေ ဆောင်ရွက်ကြသည့် လူကုန်ကူးခံရသောကလေးသူငယ်များနှင့်ပတ်သက်သည့် ဆောင်ရွက်မှုအားလုံးတွင် ကလေးသူငယ်များ၏အကျိုးစီးပွားကို အကောင်းဆုံးဖြစ်စေရန်အဓိကထား၍ စဉ်းစားရမည်။ လူကုန်ကူးမှု၏သားကောင်ဖြစ်ရသော ကလေးသူငယ်များကိုသင့်တော်သော ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများပေးသင့်ပြီး ၎င်းတို့၏အထူးအခွင့်အရေးနှင့် လိုအပ်ချက်များကိုလည်း အပြည့်အဝထည့်သွင်းစဉ်းစားသင့်သည်။

**နိုင်ငံအများသည်လည်းကောင်း၊ သင့်တော်သောနေရာများတွင် အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်း များသည်လည်းကောင်း၊ လမ်းညွှန်ချက် ၆ တွင် ဖော်ပြထားသော ဆောင်ရွက်ချက်များအပြင် အောက်ပါတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။**

၁။ ကလေးသူငယ်များအပေါ်တွင် ကျူးလွန်သော လူကုန်ကူးမှုနှင့်ဆိုင်သည့် တရားဥပဒေအရ သော်လည်းကောင်း၊ မူဝါဒအရလည်းကောင်း အစီပွါယ်ဖွင့်ဆိုချက်များသည် ဥပဒေအရထိုက်သင့်သော ကာကွယ်စောင့်ရှောက်မှုအပါအဝင် ၎င်းတို့၏လုံခြုံရေးနှင့် စောင့်ရှောက်ရေးကို အထူးလိုအပ်ချက်ကို ထင်ဟပ် ဖော်ပြစေရန် အာမခံခြင်း။ အထူးသဖြင့် ပလာမိုသဘောတူညီချက်မူကြမ်းအရ ပါဝင်ပတ်သက်နေသူသည် ကလေးသူငယ် တစ်ယောက်ဖြစ်နေပါက၊ လူကုန်ကူးမှု၏ အစီပွါယ်ဖွင့်ဆိုချက်တွင် လိမ်လည် လှည့်ဖြားခြင်း၊ အတင်းအကြပ်ခိုင်းစေခြင်းတို့၏ အထောက်အထားများသည် အစိတ်အပိုင်းတစ်ခုအဖြစ် မပါဝင်သင့်ပါ။

၂။ လူကုန်ကူးခံရသော သားကောင်ဖြစ်နေသည့် ကလေးသူငယ်များကို လျှင်မြန်စွာဖော်ထုတ်ရေး အတွက် လုပ်ထုံးလုပ်နည်းများ အရံသင့်ရှိနေစေရန် အာမခံခြင်း။

၃။ လူကုန်ကူးခံရသော သားကောင်ဖြစ်နေသည့် ကလေးသူငယ်များအား ယင်းသို့ လူကုန်ကူးခံရသူများအဖြစ် ရောက်ရှိနေသော၎င်းတို့၏အခြေအနေနှင့်ဆက်နွယ်နေသော ဥပဒေဖေါက်ဖျက်မှုများ အတွက် ပြစ်မှုဆိုင်ရာ စီရင်ထုံးများအရသော်လည်းကောင်း၊ အမိန့်များအရသော်လည်းကောင်း အပြစ်ပေး အရေးယူခြင်းမခံရစေရန် အာမခံခြင်း။

၄။ ကလေးသူငယ်များနှင့်အတူ ဆွေမျိုးသားခြင်းများဖြစ်စေ၊ အုပ်ထိမ်းသူများဖြစ်စေ လိုက်ပါခြင်းမရှိသော အမှုကိစ္စများတွင် မိသားစုဝင်များကိုရှာဖွေဖော်ထုတ်ရန်ဆောင်ရွက်ခြင်း။ ဖြစ်နိုင်သောအန္တရာယ်ကို ဆန်းစစ်ခြင်း ကလေးသူငယ်နှင့် တိုင်ပင်ဆွေးနွေးခြင်းများပြုလုပ်ပြီး နောက်ပိုင်းတွင် ၎င်းတို့၏အကျိုးစီးပွားအတွက် အကောင်းဆုံးဟု ယူဆရသည့်နေရာများတွင် လူကုန်ကူးခံရသော ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများ ပြန်လည်ဆုံစည်းနိုင်ရေးကို ဆောင်ရွက်သင့်ပေသည်။

၅။ ကလေးသူငယ်အား ၎င်း၏မိသားစုထံသို့ လုံခြုံစွာပြန်ပို့ရန်မဖြစ်နိုင်သော သို့မဟုတ် ယင်းသို့ပြန်လည် ပို့ဆောင်ခြင်းသည် ကလေးသူငယ်၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်မည် မဟုတ်သော အခြေအနေ မျိုးတွင် လူကုန်ကူးခံရသော ကလေးသူငယ်၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အလေးထားသော လုံလောက်သည့် စောင့်ရှောက်ရေးအစီအစဉ်များကို အခိုင်အမာချမှတ်ခြင်း။

၆။ အထက်အပိုဒ်နှစ်ပိုဒ်တွင် ဖော်ပြခဲ့သော အခြေအနေနှစ်ရပ်စလုံးတွင် ၎င်း၏ကိုယ်ပိုင်အမြင်ဖြင့် ဆင်ခြင်ယူနိုင်စွမ်းရှိသော ကလေးသူငယ်အား ၎င်း၏အပေါ်တွင် ပြန်လည်အကျိုးသက်ရောက်နေမည့် ကိစ္စရပ်များအားလုံး၊ အထူးသဖြင့် ဖြစ်နိုင်ပါက ၎င်း၏မိဘများထံသို့ ပြန်လည်ပို့ဆောင်ရန် ဆုံးဖြတ်ချက်ချချင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံးတွင် အဆိုပါကလေးငယ်၏ အသက်အရွယ်နှင့် ရင့်ကျက်မှုကိုလိုက်၍ ၎င်း၏အမြင်ကို ထိုက်သင့်စွာအလေးဂရုပြု၍ ၎င်း၏အမြင်များကို လွတ်လပ်စွာဖော်ထုတ်ပိုင်ခွင့် ရရှိစေရန် အာမခံခြင်း။

၇။ လူကုန်ကူးခံရသည့် သားကောင်ဖြစ်ခဲ့သော ကလေးသူငယ်များအား ကာကွယ် စောင့်ရှောက်ရန် နှင့် ကူညီထောက်ပံ့ရန်အတွက် အထူးမူဝါဒနှင့် အစီအစဉ်များချမှတ်ခြင်း။ ကလေးသူငယ် များအား ထိုက်သင့်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ နေအိမ်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုဆိုင်ရာ အကူအညီအထောက်အပံ့ပေးသင့်သည်။

၈။ ပြစ်မှုကျူးလွန်သူဟု ယူဆထားသူများကို ပြစ်မှုဆိုင်ရာတရားစွဲဆိုမှု ပြုလုပ်သည့်အဆင့် အားလုံးတွင်လည်းကောင်း၊ လျော်ကြေးရရှိရန် ဆောင်ရွက်မှု အဆင့်ဆင့်တွင်လည်းကောင်း၊ လူကုန်ကူးခြင်း ခံရသောကလေးသူငယ်များ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ချမှတ်ခြင်း။

၉။ လူကုန်ကူးခံရသည့်သားကောင်ဖြစ်ရသော ကလေးသူငယ်များ၏ကိုယ်ရေးကိုယ်တာကိစ္စနှင့် လျှို့ဝှက်ချက်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း သိရှိသွားနိုင်စေသည့် သတင်းအချက်အလက်ပျံ့နှံ့ခြင်းကို ရှောင်ရှားရန်အတွက် လိုအပ်သည်များကိုဆောင်ရွက်ခြင်း။

၁၀။ လူကုန်ကူးခံရသည့် သားကောင်ဖြစ်ရသော ကလေးသူငယ်များ၏ကိစ္စတွင် အလုပ်လုပ်နေသောသူများ အား သင့်တော်သော လုံလောက်သည့်သင်တန်းများပေးရန် အထူးသဖြင့် ဥပဒေပိုင်းဆိုင်ရာ သင်တန်း များပေးရန် ဆောင်ရွက်ခြင်း။

## လမ်းညွှန်ချက် ၉။ ပြန်လည်ကုစားရေးလမ်းကြောင်း

**လူကုန်ကူးခံရသူများတွင် လူ့အခွင့်အရေးချိုးဖေါက်ခံရသူများအနေဖြင့် အပြည်ပြည်ဆိုင်ရာတရား ဝင်ရပိုင်ခွင့်ဖြစ်သောသင့်တော်လုံလောက်သော ပြန်လည်ကုစားမှုများ ခံစားပိုင်ခွင့်ရှိသည်။ လူကုန်ကူးခံ ရသူများသည် မကြာမကြာဆိုသလို ဤအခွင့်အရေးများကို ထိရောက်စွာမရရှိဘဲ လက်လွတ်ဆုံး**

ရှုံးနေကြသည်။ ဤသို့ဖြစ်ရသည့်အကြောင်းမှာ ၎င်းတို့အနေဖြင့် လူကုန်ကူးမှုနှင့် ၎င်းနှင့်ဆက်နွယ်နေသော အနိုင်ကျင့်အမြတ်ထုတ်မှုများအတွက် နစ်နာကြေးအပါအဝင် ကုစားမှုများရရှိစေရန် ဖြစ်နိုင်ချေများ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ အကြိမ်ကြိမ် မရရှိခဲ့ကြသောကြောင့်ဖြစ်သည်။ ဤပြဿနာကို ကျော်လွှားနိုင်ရန်အလို့ငှာ လူကုန်ကူးခြင်း ခံရသူများအား ၎င်းတို့ရရှိသော သင့်တင့် လုံလောက်သော ကုစားမှုရပိုင်ခွင့်ကို နားလည်သဘောပေါက်လာရန် ဥပဒေပိုင်းဆိုင်ရာနှင့် ဥပဒေမပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုများပေးသင့်သည်။

နိုင်ငံအများသည်လည်းကောင်း၊ သင့်တော်သောနေရာများတွင် အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများသည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

၁။ လူကုန်ကူးခံရသည့်သားကောင်များအနေဖြင့် ၎င်းတို့အား အပြည့်အဝပြန်လည်နေရာ ချထားရေးနည်းလမ်းများအပါအဝင် တရားဥပဒေအရ အရေးယူနိုင်သော သင့်တင့်မျှတ၍ လုံလောက်သည့် ကုစားမှုများရပိုင်ခွင့်ရရှိစေရန် အာမခံခြင်း။

၂။ လူကုန်ကူးခံရသူများမှာ ကုစားမှုများရရှိရေးအတွက် လိုအပ်သောသတင်းအချက်အလက်များ ဥပဒေပိုင်းဆိုင်ရာနှင့် အခြားကူညီထောက်ပံ့မှုများပေးအပ်ခြင်း။ ကုစားမှုများရရှိရေးအတွက် လုပ်ထုံးလုပ်နည်း များကို အဆိုပါ လူကုန်ကူးခံရသူ နားလည်သည့်ဘာသာစကားဖြင့် ရှင်းလင်းစွာရှင်ပြသင့်သည်။

၃။ မည်သည့်ပြစ်မှုဆိုင်ရာ တရားမနှင့် စီမံခန့်ခွဲရေးရာဆိုင်ရာ တရားစွဲဆိုမှုများ ပြုလုပ်နေသည့်ကာလအတွင်းတွင်မဆို လူကုန်ကူးခံရသူများအား ၎င်းတို့ကုစားမှုရှာဖွေနေသော နိုင်ငံအတွင်း လုံခြုံစွာ ဆက်လက်နေထိုင်နိုင်စေရန် အစီအစဉ်များပြုလုပ်ခြင်း။

**လမ်းညွှန်ချက် ၁၀။ ငြိမ်းချမ်းရေးထိမ်းသိမ်းမှုတပ်ဖွဲ့၊ အရပ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့နှင့် လူသားခြင်းစာနာသော အဖွဲ့အစည်းများနှင့် သံတမန်ဝန်ထမ်းများ၏တာဝန်ဝတ္တရားများ**

လူကုန်ကူးမှုတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အရပ်ဘက်ဆိုင်ရာ လုံခြုံရေး၊ လူသားခြင်းစာနာသောလုပ်ငန်းနှင့် သံတမန်ဝန်ထမ်းများ တိုက်ရိုက်သော်လည်းကောင်း ပါဝင် ပတ်သက်နေခြင်းသည် အထူးစိတ်မချမ်းသာဘွယ်ရာဖြစ်သည်။ နိုင်ငံအများ၊ အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ၎င်းတို့၏အုပ်ချုပ်မှုအောက်တွင် အလုပ်လုပ်သူများ၏ ပြုမူဆောင်ရွက်မှုများအတွက် တာဝန်ရှိသည်။ သို့ဖြစ်၍ ၎င်းတို့၏နိုင်ငံသားများနှင့် ဝန်ထမ်းများအား လူကုန်ကူးမှုနှင့် ၎င်းနှင့်

ဆက်နွယ်နေသောမတရားမဖြတ်ထုတ်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းကိုကာကွယ်တားဆီးရန် လုံ လောက်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တာဝန်ရှိသည်။ ၎င်းတို့အနေဖြင့် လူကုန်ကူးမှုနှင့် ၎င်းနှင့် ဆက်စပ်နေသော မတရားမဖြတ်ထုတ်မှုနှင့် ပတ်သက်သည့် စွပ်စွဲချက်အားလုံးကို စေ့စပ်သေချာစွာ စုံစမ်းထောက်လှမ်းရန်နှင့် လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်နေကြောင်း တွေ့ရှိရသော ဝန်ထမ်းများအား ထိုက်သင့်သော အရေးယူမှုများပြုလုပ်ရန်လိုအပ်သည်။

နိုင်ငံအများသည်လည်းကောင်း၊ သင့်တော်သောနေရာများတွင် အစိုးရဆိုင်ရာနှင့် အစိုးရနှင့် မပတ်သက် သော အဖွဲ့အစည်းများသည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

၁။ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အရပ်ဘက်ဆိုင်ရာလုံခြုံရေး၊ လူသားခြင်းစာနာသောလုပ်ငန်းနှင့် သံတမန်ဝန်ထမ်းများအား တာဝန်ဖြင့်မစေလွှတ်မီဖြစ်စေ၊ စေလွှတ်ပြီးနောက်ပိုင်းတွင်ဖြစ်စေ ပေးသောလေ့ကျင့်သင်ကြားမှု အစီအစဉ်များက လူကုန်ကူးမှု ပြဿနာကို လုံလောက်စွာ ဝေဖန်သုံးသပ်ဆွေးနွေးရန်နှင့် ဖြစ်စေချင်သော ပြောဆိုနေထိုင်ကျင့်ကြံမှုဆိုင်ရာ စံသတ်မှတ်ချက်များကို ရှင်းလင်းစွာ ကြေငြာအသိပေးထားအာမခံခြင်း။ သင်တန်းများကို လူ့အခွင့်အရေးဆိုင်ရာဘောင်များ အတွင်းမှသာ စီစဉ်ပြီး သင့်တင့်သောအတွေ့အကြုံရှိပြီးသူ နည်းပြဆရာများကသာ သင်ကြားပေးသင့်သည်။

၂။ ဝန်ထမ်းအသစ်ခန့်ခြင်း၊ နေရာချထားခြင်းနှင့် ပြောင်းရွှေ့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပုဂ္ဂလိကကန်ထရိုက်လုပ်ငန်းရှင်များ၊ တဆင့်ချထားသောကန်ထရိုက်လုပ်ငန်းရှင်များ၏ လုပ်ထုံးလုပ်နည်းများအပါအဝင်) အား တင်းကြပ်မှုရှိရန်နှင့် ရိုးရိုးရှင်းရှင်းဖြစ်ရန် အာမခံခြင်း။

၃။ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အရပ်ဘက်ဆိုင်ရာလုံခြုံရေး၊ လူသားခြင်းစာနာသောလုပ်ငန်းနှင့် သံတမန်အဖွဲ့များတွင် ခန့်ထားသောဝန်ထမ်းများအား လူကုန်ကူးမှုတွင်သော်လည်းကောင်း၊ ၎င်းနှင့်ဆက်နွယ်နေသည့်မတရားအနိုင်ကျင့်မှုများတွင်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းမရှိရန် သို့မဟုတ် လူကုန်ကူး ခံရဘူးသူဖြစ်မည်ဟု သံသယဖြစ်ရန် ခိုင်လုံသော အကြောင်းများရှိသူများကို အလုပ်ခိုင်းစေခြင်းမပြုရန် အာမခံခြင်း။ ဤတာဝန်ဝတ္တရားများတွင် လာဘ်ပေး လာဘ်ယူခြင်းဖြင့် လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်ခြင်းဖြစ်စေ၊ လူကုန်ကူးမှု ၎င်းနှင့် ဆက်နွယ်နေသည့် မတရားအနိုင်ကျင့်မှုများတွင် ပါဝင်နေသည်ဟု ခိုင်မာစွာသံသယဖြစ်ဖွယ်ရှိသူတစ်ဦး တစ်ယောက်နှင့် ဆက်သွယ်ခြင်းဖြစ်စေ အကျုံးဝင်သည်။

၄။ ဖြစ်စေချင်သော ပြောဆိုနေထိုင် ကျင့်ကြံမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ နေထိုင်ရန်ပျက်ကွက်ပါက ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို သတ်မှတ်ဖော်ထုတ်၍ တိကျသောကိုယ်ကျင့်တရားဆိုင်ရာစည်းမျဉ်းများ ရေးဆွဲချမှတ်ပြဋ္ဌာန်းခြင်း။

၅။ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အရပ်ဘက်ဆိုင်ရာလုံခြုံရေး၊ လူသားခြင်းစာနာသောလုပ်ငန်းနှင့် သံတမန်အဖွဲ့အစည်းများနှင့် ပတ်သက်၍ ခန့်ထားသော ဝန်ထမ်းများအားလုံးက ၎င်းတို့၏ အာရုံစိုက်မှုထဲသို့ ဝင်ရောက်လာသော မည်သည့် လူကုန်ကူးမှု၊ ၎င်းနှင့်ဆက်နွယ်နေသော မတရားအနိုင်ကျင့်မှုများကိုမဆို သတင်းပို့ရန်လိုအပ်ခြင်း။

၆။ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အရပ်ဘက်ဆိုင်ရာလုံခြုံရေး၊ လူသားခြင်းစာနာသောလုပ်ငန်းနှင့် သံတမန်အဖွဲ့အစည်းများနှင့် ပတ်သက်၍ ခန့်ထားသောအမှုထမ်းများ ပါဝင်ပတ်သက်နေသည့် လူကုန်ကူးခြင်း ၎င်းနှင့်ဆက်နွယ်နေသော မတရားအမြတ်ထုတ်ခြင်းများနှင့် ပတ်သက်သည့် စွပ်စွဲချက်များ အားလုံးကို စနစ်တကျစုံစမ်းထောက်လှမ်းရန်အတွက် နည်းစနစ်များချမှတ်ခြင်း။

၇။ လူကုန်ကူးမှု၊ ၎င်းနှင့်ဆက်နွယ်နေသော မတရားအနိုင်ကျင့်မှုများတွင် ပါဝင်နေကြောင်း သို့မဟုတ် ကြံရာပါဖြစ်ကြောင်းထင်ရှားသော အမှုထမ်းများအား ထိုက်သင့်သောပြစ်မှုဆိုင်ရာ တရားမနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူအပြစ်ပေးမှုများကို ရှေ့နောက်ညီညွန်စွာဆောင်ရွက်ခြင်း။ အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူကုန်ကူးမှု၊ ၎င်းနှင့်ဆက်နွယ်နေသော မတရားအနိုင်ကျင့်မှု များတွင် ပါဝင်နေကြောင်း တွေ့ရသော ၎င်းတို့၏အမှုထမ်းများအား သက်ဆိုင်ရာအစိုးရက စီရင်သော ပြစ်မှုဆိုင်ရာနှင့် အခြားအရေးယူအပြစ်ပေးမှုများ၏ နောက်ဆက်တွဲအဖြစ်သော်လည်းကောင်း၊ သီးခြားသော် လည်းကောင်း သင့်တော်သည့်အမှုကိစ္စများတွင် စည်းကမ်းပိုင်းဆိုင်ရာအရေးယူအပြစ်ပေးသင့်သည်။ အမှုထမ်း တစ်ယောက်အား လူကုန်ကူးမှု၊ ၎င်းနှင့်ဆက်နွယ်နေသည့်အမှုများကဲ့သို့ ကြီးလေးသောပြစ်မှုများမှအကာအကွယ်ပေးရန် အလို့ငှာ ၎င်း၏ ရာထူးအဆင့်အတန်းအလျောက် ရရှိထားသောအထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို အသုံးမပြုသင့်ပေ။

**လမ်းညွှန်ချက် ၁၁။ နိုင်ငံအများနှင့် ဒေသများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း**

**လူကုန်ကူးမှုသည် ဒေသဆိုင်ရာနှင့် တကမ္ဘာလုံးဆိုင်ရာအမှုအခင်းဖြစ်၍ နိုင်ငံတစ်နိုင်ငံအတွင်း ထိရောက်စွာကိုင်တွယ်ဆောင်ရွက်ရန် အမြဲတမ်းဖြစ်နိုင်မည်မဟုတ်ပေ။ နိုင်ငံအတွင်းတွင် အင်အားသုံး၍ တုန့်ပြန်ဆောင်ရွက်မည်ဆိုပါက လူကုန်ကူးသူများ၏ လုပ်ငန်းလှုပ်ရှားမှုများ အခြားနေရာများသို့**

ပြောင်းရွှေ့သွားခြင်းသာ မကြာခဏ အဖက်တင်နိုင်သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ရှားမှု များတွင် နိုင်ငံတကာအများသဘောတူနှင့် နှစ်ဦးနှစ်ဖက်သဘောတူ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ပါဝင်နိုင်သည်။ ဤကဲ့သို့သော ပူးပေါင်းဆောင်ရွက်ခြင်းသည် ယန္တယား၏မတူညီသောအဆင့်များတွင် ပါဝင်ပတ်သက်နေသော နိုင်ငံနှစ်နိုင်ငံအကြားတွင် အထူးသဖြင့် အရေးကြီးသည်။

နိုင်ငံအများသည်လည်းကောင်း၊ သင့်တော်သောနေရာများတွင် အစိုးရဆိုင်ရာနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည်လည်းကောင်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်။

၁။ လူကုန်ကူးမှုကို ကြိုတင်တားဆီးရန် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ပျော်ရွှင်ချမ်းမြေ့မှုကို မြှင့်တင်ရန် ရည်ရွယ်သော နှစ်ဦးနှစ်ဖက် သဘောတူညီချက်များကို လက်ခံကျင့်သုံးခြင်း။

၂။ လူ့အခွင့်အရေးကို အခြေခံသော လူကုန်ကူးမှုတိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲချမှတ် အကောင် အထည်ဖေါ်ခြင်းကို မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် နှစ်ဦးနှစ်ဖက်သဘောတူညီမှုကိုအခြေခံ၍ဖြစ်စေ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှတဆင့်ဖြစ်စေ၊ အရပ်သားအဖွဲ့အစည်းများ၏ စပ်ဆိုင်သောကဏ္ဍများသို့ နည်းပညာနှင့် ငွေကြေးအကူအညီပေးအပ်ခြင်း။

၃။ ပလာမိုသဘောတူညီချက်မူကြမ်းကိုလည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကိုလည်းကောင်း မူဘောင်အဖြစ်အသုံးပြု၍ လူကုန်ကူးခြင်းနှင့်ဆိုင်သော ဒေသခွဲဆိုင်ရာစာချုပ် များကို အသေးစိတ်ရှင်လင်းခြင်း။

၄။ လက်ရှိနိုင်ငံတကာစံနှုန်းများနှင့်အညီ အနိမ့်ဆုံးအလုပ်စံနှုန်းများ၊ စံပြပဋိညာဉ်များနှင့် မိခင်နိုင်ငံသို့ ပြန်ပို့ခြင်း စည်းကမ်းများအတွက် သတ်မှတ်ချက်များ စသည်တို့ပါဝင်နိုင်သော နိုင်ငံပြောင်းရွှေ့အလုပ် လုပ်ကိုင်ခြင်းဆိုင်ရာ သဘောတူညီချက်များကို လက်ခံကျင့်သုံးခြင်း။

၅။ ၎င်းတို့၏နိုင်ငံသားဖြစ်မှု၊ အခြေချနေထိုင်ခွင့်များနှင့် ၎င်းနှင့်ဆက်စပ်နေသည့် သတင်းအချက်အလက် များကို ဖလှယ်ခြင်း၊ မှုခင်းသုံးစွဲခြင်းများ အပါအဝင် လူကုန်ကူးခံရသူများကို လျှင်မြန်စွာ ဖေါ်ထုတ်ရေးကို လွယ်ကူစေမည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကိုရေးဆွဲခြင်း။

၆။ လူကုန်ကူးသူများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများနှင့်ဆိုင်သော သတင်း အချက် အလက်များကို ဖလှယ်ရေးကို လွယ်ကူစေမည့် နည်းစံနစ်များချမှတ်ခြင်း။

၇။ မတူညီသော သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေထိန်းသိမ်းရေး အာဏာပိုင်များက ပူးပေါင်းဆောင်ရွက်မည့်အမှုကို မဖြစ်ဖြစ်အောင်ဖန်တီးပေးပြီးမှ လိုက်လံစုံစမ်းထောက်လှမ်းသည့်နည်းလမ်းအတွက် လုပ်ထုံး လုပ်နည်းများနှင့် သဘောတူညီချက်မူကြမ်းများရေးဆွဲခြင်း။ တိုက်ရိုက်ဆက်သွယ်မှုများ၏ တန်ဖိုးကိုအသိအမှတ်ပြုပြီး ဒေသအလိုက်လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအကြား တိုက်ရိုက်အကူအညီတောင်ခံရေးအတွက် ကြိုတင်စီစဉ်မှုများ ပြုလုပ်သင့်သည်။ ဤသို့ပြုလုပ်ခြင်းများသည် အဆိုပါတောင်းခံမှုများကို မြန်ဆန်စွာကိုင်တွယ်ဆောင်ရွက်ရန်နှင့် လက်တွေ့လုပ်ကိုင်သောအဆင့်တွင် ဆက်သွယ်ပူးပေါင်းလုပ်ကိုင်မှုများကို တိုးတက်လာစေရန်ရည်ရွယ်သည်။

၈။ လူကုန်ကူးမှု၊ ၎င်းနှင့်ဆက်နွယ်နေသော ပြစ်မှုများကို စုံစမ်းထောက်လှမ်းခြင်းနှင့် တရားရေးဆိုင်ရာဆောင်ရွက်ခြင်းတို့တွင် နိုင်ငံများအကြား တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အထူးသဖြင့်ပူးပေါင်းစုံလှမ်းထောက်ခြင်း၊ တူညီသောတရားစွဲဆိုနည်းများကို အသုံးပြုခြင်းများက ဖြစ်မြောက်စေရန်ဆောင်ရွက်ခြင်း။ ဤသို့ပူးပေါင်းဆောင်ရွက်ခြင်းတွင် သက်သေများအား ၎င်းတို့၏လုံခြုံမှုကို အလေးထား၍ဖေါ်ထုတ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သက်သေအထောက်အထားများကို ဖေါ်ထုတ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သက်သေအထောက်အထားများ ရရှိရေးအတွက် တရားဝင်စာရွက်စာတမ်းများကိုထုတ်ပေးခြင်း၊ စီရင်ဆုံးဖြတ်ချက်များကို တရားဝင်အောင်ပြုလုပ်ပေးခြင်း စသည့်လုပ်ငန်းများတွင် အကူအညီပေးခြင်းများပါဝင်သင့်သည်။

၉။ လူကုန်ကူးမှုနှင့် ဆက်နွယ်နေသောပြစ်မှုများအတွက် မိခင်နိုင်ငံသို့ပို့ပေးရန် မေတ္တာရပ်ခံချက်များ ကို မေတ္တာရပ်ခံခြင်းခံရသော နိုင်ငံ၏အာဏာပိုင်များက မလိုအပ်သောကြန့်ကြာမှုများမရှိစေဘဲ ကိုင်တွယ်ဆောင်ရွက်ပေးစေခြင်း။

၁၀။ လူကုန်ကူးမှုမှရရှိသော ငွေကြေးများအားသိမ်းဆည်းရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းစံနစ်များချမှတ်ခြင်း။ ဤပူးပေါင်းဆောင်ရွက်ခြင်းတွင် လူကုန်ကူးမှု ၎င်းနှင့်ဆက်နွယ်နေသော မတရားအနိုင်ကျင့်မှုများနှင့် ဆက်စပ်နေသောပစ္စည်းများအား ရှာဖွေခြင်း၊ ဖေါ်ထုတ်ခြင်း၊ ပိတ်ပင်တားမြစ်ခြင်းနှင့် သိမ်းယူခြင်းစသည့်လုပ်ငန်းများတွင် အကူအညီပေးရန်အစီအစဉ်များ ပါဝင်သင့်သည်။

၁၁။ ထိရောက်မှုကို အမြင့်ဆုံးမြင့်တင်ပေးရန်အမြင်ဖြင့် အကူအညီပေးခြင်း၊ ပြန်လည်တုန့်ပြန်ခြင်းနှင့် ပေါင်းစပ်စုစည်းဆောင်ရွက်ခြင်း အစီအစဉ်များကို အကောင်အထည်ဖေါ်ခြင်းနှင့် ဆက်စပ်နေသော သတင်းအချက် အလက်နှင့်အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ခြင်း။

၁၂။ မူလနိုင်ငံ၊ ဖြတ်သန်းသည့်နိုင်ငံနှင့် ခရီးဆုံးနိုင်ငံများရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားအရပ်ဘက်ဆိုင်ရာအသင်းအဖွဲ့များကြား ပူးပေါင်းဆောင်ရွက်ခြင်းကို လွယ်ကူချောမွေ့စေရန်ဆောင်ရွက်ခြင်းနှင့်

အားပေးတိုက်တွန်းခြင်း။ ဤသို့ဆောင်ရွက်ခြင်းသည် မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းခံရသော လူကုန်ကူးခံရသောသူများအား ကူညီထောက်ပံ့ခြင်းကို အထမြောက်အောင်ဆောင်ရွက်ရာတွင် အထူးသဖြင့် အရေးကြီးသည်။ ။